မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီမြန်ချို သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၄၁)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပခဲ့သည့် (၁၀)နှစ်နီးပါးကြာမှ ပြန်လည်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ခမ်းနားထည်ဝါစွာဖြင့် စနစ်တကျကျင်းပနိုင်ရေးသည်အရေးကြီး**




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ မေ ၂၉ ရက်)

# နိုင်ငံတော်အတွက်အားထားရသည့် တိုင်းဒေသကြီးဖြစ်လာရေး

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ကြရသည်။ အဆိုပါမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်သည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင် နိုင်ငံရေးနှင့်ကာကွယ်ရေးမောင်းနှင်အားများလည်း ကောင်းလာနိုင်မည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးလုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာရှိနေသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့်ဝါတို့ကိုအဓိကထားစိုက်ပျိုးကြသည်ကိုတွေ့ရှိရသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးထပ်စွမ်းအားနှင့်သီးညှပ်စွမ်းအားဟူ၍ရှိပေရာ သီးထပ်စွမ်းအားသည် စိုက်ပျိုးထုတ်လုပ်မှုကိုပိုမိုတိုးတက်စေသည်။ စပါးစိုက်ပျိုးသည့်လယ်မြေများ၌ သီးထပ်စွမ်းအားများကို မြှင့်တင်နိုင်အောင်ဆောင်ရွက်ကြရန်ဖြစ်ပြီး အထွက်နှုန်းတိုးတက်စေရေးအတွက်စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခြေခံအားဖြင့် မျိုး၊ မြေ၊ ရေနှင့်နည်းစနစ်များလိုအပ်သည်။ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းရန်နှင့်သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းကြရမည်။ ထို့ပြင် စိုက်ပျိုးရေ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုသည်။

စိုက်ပျိုးမြေများတွင်ရေရရှိရေးအတွက် ဧရာဝတီမြစ်ကိုအသုံးပြုလျက် မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင် လုပ်ငန်းများကိုဒေသအလိုက်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက မကွေးတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ဧရာဝတီမြစ်ဘေးနေရာများ၌ရှိရာ ဧရာဝတီမြစ်ရေကိုအခြေခံသည့် စိုက်ပျိုးရေးလုပ်ငန်းများကိုအောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ စိုက်ပျိုးသီးနှံအထွက်နှုန်းနှင့်ပတ်သက်၍လည်း ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးကိုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ဒေသစီးပွား၊ နိုင်ငံ့စီးပွားပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဆီထွက်သီးနှံမှဝင်ငွေများစွာရရှိလာမည်ဖြစ်သည်။ ဝါသီးနှံစိုက်ပျိုးမှုကိုလည်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်သည်။ ဝါထွက်ကုန်ကိုအခြေခံသည့် စက်မှုလုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးသီးနှံကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် သီးနှံများစိုက်ပျိုးမှုကို Crop Pattern ဖြင့်ဆောင်ရွက်နိုင်သဖြင့် တွက်ချက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသတွင်းဖြစ်ထွန်းသည့်ဆိတ်မွေးမြူရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်းမွေးမြူသည့် ထိန်စန်းဆိတ်မျိုးသည်အသားထွက်နှုန်းကောင်းမွန်သည်။ ဥစားကြက်၊ အသားစားကြက်၊ ဝက်၊ နွားမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူဖြစ်စေနိုင်ပေမည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများလိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ပညာရေးကိုလည်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာသင်ကြားရေးအတွက်လည်း အားပေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူများ၏ဘဝတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုကဲ့သို့ဆောင်ရွက်ပေးလျက်ရှိခြင်းသည် ဒေသအလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်သဖြင့် ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ ကလေးငယ်များ၏အနာဂတ်ကောင်းမွန်ရေးအတွက် နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်ကြရန်လိုပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၂၄ ရက်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် "မကွေးတိုင်းဒေသကြီးအနေဖြင့် ဧရာဝတီမြစ်ကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများကိုအောင်မြင်ဖြစ်ထွန်းအောင် စီမံချက်ကို ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံအတွက်အားထားရသည့်တိုင်းဒေသကြီးတစ်ခုဖြစ်စေရေး ရှိပြီးသားအခြေခံကောင်းများကိုအသုံးချ၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံများအားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက်အားထားရသည့်တိုင်းဒေသကြီးတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော် မကွေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံအတွက်အားထားရသည့်တိုင်းဒေသကြီးတစ်ခု ဖြစ်လာအောင် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

နေပြည်တော် မေ ၂၈

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့ လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့ လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန် မေ ၂၈

# ဧကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် နောက်ဆုံးအဆင့်ဖြေဆိုယှဉ်ပြိုင်

ဧကောဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် နောက်ဆုံးအဆင့် ဖြေဆိုယှဉ်ပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ အမှူးပြုသည့်ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘဆွေမျိုးများ၊ အလှူရှင်များနှင့် ပရဟိတအဖွဲ့အစည်းများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌဒေါက်တာပဏ္ဍိတ သိက္ချဆရာတော်က အဖွင့်အမှာစကားမိန့်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) နှစ်ထပ်ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက်ငွေကျပ်သိန်း ၃၀၀ နှင့်ဧကောဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲအတွက်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို)နာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား/စီမံ)(ငြိမ်း)ဦးစိန်မော်နှင့် ဘဏ္ဍာရေးမှူး ဒေါက်တာမြသီတာဆွေတင်တို့က လက်ခံရယူကြသည်။

ထို့နောက် မေလ ၂၆ ရက်ကပြုလုပ်ခဲ့သည့် မဟာဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အလယ်တန်းအဆင့်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်မှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၏ အောင်စာရင်းကိုကြေညာ၍ နောက်ဆုံးအဆင့် ပြိုင်ပွဲဝင်ခြောက်ဦးက စကားပြောစွမ်းရည်၊ ပါဠိရေးစွမ်းရည်နှင့် သာသနာတော်ဆိုင်ရာ အထွေထွေဗဟုသုတ မေးခွန်းများကို ဖြေဆိုယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အလယ်တန်း(ဖိုင်နယ်အဆင့်)ဖြေဆိုခြင်းကို ဆက်လက်ကျင်းပပြီး အလယ်တန်းအဆင့် တစ်နိုင်ငံလုံးရမှတ်




အများဆုံး(၂၀) နှင့် မူလတန်းအဆင့် (စာဖြေဌာနအလိုက်) ပထမဆုရှင်တို့အား ဂုဏ်ပြုလွှာနှင့် ဆုများကိုတာဝန်ရှိသူများကပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အလယ်တန်းအဆင့် ပြိုင်ပွဲကြီး၏ ရလဒ်များကိုကြေညာပြီး အလယ်တန်းအဆင့်ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် ဆဋ္ဌမဆုများအပါဝင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၆ ဦးနှင့် နည်းပြများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**လင်းခန့်**

---

နေပြည်တော် မေ ၂၈

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ၃၁၈ ဒသမ ၉၁၄ ဘီလီယံဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ ကော်မတီဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့်တက်ရောက်ကြကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွေစပါး၊ မိုးစပါးစီမံကိန်း ၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာစီမံကိန်း ၊ အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက် မွေးမြူရေး



စီမံကိန်း၊ ဆက်လက်ဆောင်ရွက်မည့် စိုက်ပျိုးရေရရှိရေးစီမံကိန်းနှင့် နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ သိုး၊ ဆိတ်မွေးမြူရေး စီမံကိန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်မှုတွင် ၂၀၂၂-၂၀၂၃ ခုနှစ်၌ ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်း အတွက် သုံးစွဲခဲ့သည့် ချေးငွေနှင့်ဝန်ဆောင်ခအားလုံး ပြန်လည်ရရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိသော စီမံကိန်းလုပ်ငန်းများ၏ ချေးငွေနှင့် ဝန်ဆောင်ခများကို သတ်မှတ်ကာလ အချိန်မီရရှိရေးနှင့် အပြည့်အဝကောက်ခံရရှိရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစီမံကိန်းအား ရုံးချုပ်နှင့် တိုင်းဒေသကြီးလက်ကျန်ရန်ပုံငွေ နွေစပါးချေးငွေမှ ပြန်လည်ကောက်ခံရရှိမည့် ငွေများဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အဆိုပြုဧကအပါအဝင် တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များ၏ စိစစ်အဆိုပြုဧက ၉ ဒသမ ၆ သိန်းအား လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ(မိုးမြေပဲ) စီမံကိန်းဧက (၁ ဒသမ ၀၈)သိန်းကို ဆောင်းဆီထွက်သီးနှံမှ ချေးငွေပြန်လည်ကောက်ခံရရှိမည့်ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိရာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စုစုပေါင်းကျပ် ၃၁၈ ဒသမ ၉၁၄ ဘီလီယံဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်လေးခုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မွေးမြူရေးစီမံကိန်းဖြစ်သည့် အသားတိုး ကြက်၊ ဥစားဘဲ၊ အသားတိုးဝက် မွေးမြူရေးအတွက် ချေးငွေအဆိုပြုလျှောက်ထားလာသူ မွေးမြူသူ၊ မွေးမြူသူအစုအဖွဲ့များ၊ သွင်းအားစု ထောက်ပံ့သူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် မွေးမြူရေးစီမံကိန်းတွင် ပါဝင်သည့် နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်နှင့် သိုးဆိတ်မွေးမြူရေးလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်နှစ်ခုတို့တွင် ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၁၈ မြို့နယ်၊ တောင်သူ ၁၃၃ ဦး၊ လုပ်ငန်း ၁၆၃ ခုမှ စိုက်ပျိုးမြေဧက ၁၄၀၀ ကျော်အတွက် စိုက်ပျိုးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၅ | ၂၈၁၅ | ၂၈၄၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၃၀ | ၂၇၄၀ | ၃၁၅၀ | ၃၇၅၀ |
| 95 Ron | ၂၇၃၅ | ၂၈၁၀ | ၂၇၉၀ | ၂၇၄၀ | ၂၈၁၀ | ၂၈၂၅ | ၂၈၃၅ | ၂၇၉၀ | ၂၉၂၀ | ၂၉၅၀ | ၂၈၀၀ | ၂၈၁၅ | ၂၈၄၅ | ၂၈၃၅ | ၂၈၅၀ | ၃၂၅၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၃၃၅ | ၂၄၁၅ | ၂၃၉၀ | ၂၃၄၅ | ၂၄၁၅ | ၂၄၂၅ | ၂၄၄၀ | ၂၃၉၅ | ၂၅၂၅ | ၂၅၅၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၈၆၀ | ၃၈၀၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၀ | ၂၄၄၀ | ၂၃၉၀ | ၂၄၆၀ | ၂၄၇၅ | ၂၄၈၅ | ၂၄၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၄၅၀ | ၂၄၆၅ | ၂၅၀၀ | ၂၄၈၅ | ၂၅၀၀ | ၂၉၀၅ | ၃၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၉ | ၂၅၇၂ |
| 95 Ron | ၂၅၉၄ | ၂၆၈၀ |
| HSD (500 ppm) | ၂၂၀၉ | ၂၂၈၂ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

၂၀၁၅ ခုနှစ်တွင် အဆိုပါ Sacramento မြို့ကို စာရေးသူရောက်ရှိစဉ် လေ့လာမှုအချို့ပြုလုပ်နိုင်ခဲ့သည်။

စကရာမန်းတိုးမြစ်သည် ရေဖမ်းဧရိယာ ၆၉၀၀၀ စတုရန်းမီတာ (၂၆၅၀၀ စတုရန်းမိုင်) ရှိသည်။ မြောက်ပိုင်းကယ်လီဖိုးနီးယားပြည်နယ် မောင့်ရှက်စတာ(Mouth Shasta) မှ စတင်မြစ်ဖျားခံခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ်ထဲတွင် အကြီးဆုံးမြစ်ဖြစ်သည်။ ကလာမက်(သ်) တောင်တန်း(Klamath Mountains) များပေါ်တွင် မိုင်ပေါင်း ၄၀၀ ခန့်စီးဆင်းလာပြီး စကရာမန်းတိုးမြို့ဘေးမှဖြတ်သန်းပြီး ပစိဖိတ်သမုဒ္ဒရာထဲသို့ စီးဝင်သွားသည်။ မြစ်၏နှစ်စဉ်ပျမ်းမျှရေထုစီးနှုန်းမှာ ၇၉၈ ဒသမ ၈ ကုဗမီတာ/စက္ကန့်(၂၈၁၃၉ ကုဗပေ/စက္ကန့်)နှုန်းရှိသည်။ အမြင့်ဆုံးစီးဆင်းချိန်တွင် ၁၃၈၀၀ ကုဗမီတာ/စက္ကန့်ဖြစ်၍ ဧရာဝတီမြစ်၏ ပျမ်းမျှနှစ်စဉ်ရေထုစီးနှုန်းခန့်ထိ မြင့်မားသည်။

ရေသွယ်လမ်းတစ်လျှောက် ရေတင်စက်(Water Pumps) များစွာဖြင့် အဆင့်ဆင့်တွန်းတင်ခဲ့ရသောအပိုင်းများ များစွာပါဝင်နေသည်။ Banks Pumping Plant,South Bay Pumping Plant, Dos Amigos Pumping Plant, Buena Vista Pumping Plant, Teerink Pumping Plant, Chrisman Pumping Plant နှင့် Edmonston Pumping Plant စသည့် Water Pump အသီးသီးကိုသုံး၍ တစ်ဆင့်ပြီးတစ်ဆင့် ရေတွန်းတင်ပြီး နောက်ဆုံးတွင် Los Angeles Basin ထိ ရောက်ရှိလာခဲ့သည်။

နောက်ဆုံးတွန်းတင်ရသော Edmonston Pump ဆိုလျှင် အမြင့်ပေ ၁၉၂၆ (၅၈၇ မီတာ) ခန့်မြင့်သော Tehachapi Mountains ပေါ်သို့ တွန်းတင်ပေးရသည်။

ဤရေသွယ်လမ်းတစ်လျှောက်တွင် ပုံမှန်မြေဆွဲအား(Gravity Flow) ဖြင့် စီးဆင်းစေသောအပိုင်းများလည်းပါဝင်သည်။ အမြင့်သို့တင်သည့်အခါ ဓာတ်အားသုံးစွဲရသလို ပုံမှန် Gravity Flow ဖြင့် စီးဆင်းနေသောအချိန်တွင် သင့်လျော်ရာနေရာများ၌ ရေအားလျှပ်စစ်စက်များတပ်ဆင်၍ ဓာတ်အားပြန်ယူသည်။ အချို့ဝေးလံသောနေရာများတွင် နေရောင်ခြည်စွမ်းအင်ဖြင့် ဓာတ်အားထုတ်လုပ်၍ Pump များကို မောင်းနှင်သည်။

Gravity Flow ဖြင့် စီးဆင်းစေသောနေရာများတွင် ယေဘုယျအားဖြင့် ရေသွယ်မြောင်းဖြင့်သွယ်သည်။ အကျယ် ၄၀ ပေ(၁၂ မီတာ)နှင့် ရေအနက် ၃၀ ပေ(၉ ဒသမ ၁ မီတာ) ရှိသည်။ အကျယ်ဆုံးနေရာတွင် ၁၁၀ ပေ(၃၄ မီတာ)ကျယ်ပြီး အနက်ဆုံးနေရာတွင် ၃၂ ပေ(၉ ဒသမ ၈ မီတာ)နက်သည်။ ရေသွယ်မြောင်းများသည် ၁၃၁၀၀ ကုဗပေ/စက္ကန့် (၃၇၀ ကုဗမီတာ/စက္ကန့်) နှုန်းဖြင့် စီးဆင်းနိုင်သည်။




Los Angeles ရေလွှဲပြောင်းသွယ်ယူမှုလမ်းကြောင်းများ

အကြီးဆုံးတွန်းတင်နိုင်သည့် Pumping Station သည် ရေပမာဏ ၁၅၄၅၀ ကုဗပေ/စက္ကန့်(၄၃၇ ကုဗမီတာ/စက္ကန့်)နှုန်း တွန်းတင်နိုင်သည်။

ဤပထမရေသွယ်လမ်းတွင် ပင်မလမ်းသည် ၃၀၄ မိုင်(၄၈၉ ကီလိုမီတာ) နှင့် အရှေ့လိုင်းသည် ၁၄၀ မိုင်(၂၃၀ ကီလိုမီတာ) ရှည်သည်။ စုစုပေါင်း ရေသွယ်လိုင်းအလျား ၄၄၄ မိုင်(၇၁၅ ကီလိုမီတာ) ရှည်သည်။

စီမံကိန်းကို ၁၉၆၃ ခုနှစ်တွင် စတင်ခဲ့ရာ ၁၉၉၇ ခုနှစ်တွင် အားလုံးပြီးစီးခဲ့သည်။

ဤရေသွယ်စနစ်ဖြတ်သန်းရာ ကယ်လီဖိုးနီးယားပြည်နယ် အစိတ်အပိုင်းအချို့နှင့် လော့စ်အိန်ဂျလိစ်မြို့တို့ရှိ လူဦးရေ ၃၅ သန်းခန့်အတွက် သောက်သုံးရေနှင့် မြေဧက ၅ ဒသမ ၇ သန်းအတွက် စိုက်ပျိုးရေလုံလောက်အောင် ပံ့ပိုးပေးနိုင်ခဲ့သည်။

ဒုတိယရေသွယ်လမ်းမှာ California Aqueduct ၏ အရှေ့ဘက်ကုန်းတွင်းပိုင်းရှိ Mono County မှ စတင်မြစ်ဖျားခံလာသော Owen River မှရေကို လွှဲယူခြင်းဖြစ်သည်။ Owen River ပေါ်တွင် LAA Intake (ရေယူအဆောက်အအုံ)တစ်ခုတည်ဆောက်ပြီး လွှဲယူခဲ့သည်။

ဤရေသွယ်လမ်းကို နှစ်ပိုင်းပိုင်း၍ အမည်ပေးထားသည်။ Los Angeles Aqueduct နှင့် Second Los Angeles Aqueduct ဟူ၍ ဖြစ်သည်။

First Section သည် အလျား ၂၃၃ မိုင် (၃၇၅ ကီလိုမီတာ)၊ Second Section သည် ၁၃၇ မိုင် (၂၂၀ ကီလိုမီတာ) အသီးသီးရှိသည်။ ပိုက်လိုင်း၏အချင်းမှာ ၁၂ ပေ(၃ ဒသမ ၇ မီတာ) စီရှိကြသည်။ စုစုပေါင်းအလျား ၄၁၉ မိုင်(၆၇၄ ကီလိုမီတာ) ရှည်လျားသည်။

ရေသွယ်ယူနိုင်မှုနှုန်းများမှာ First Aqueduct သည် ၄၂၂ ကုဗပေ/စက္ကန့်နှုန်းဖြင့်လည်းကောင်း၊ Second Aqueduct သည် ၂၉၀ ကုဗပေ/စက္ကန့်နှုန်းဖြင့်လည်းကောင်း အသီးသီးသွယ်ယူနိုင်သည်။

First Aqueduct ကို ၁၉၀၈ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်သုံးစွဲနိုင်ခဲ့သည်။ Second Aqueduct ကို ၁၉၆၅ ခုနှစ် စက်တင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဇွန်လတွင် စတင်သုံးစွဲခဲ့သည်။

တတိယရေသွယ်လမ်းဖြစ်သည့် ကိုလိုရာဒိုမြစ် (Colorado River) မှ ရေကို လော့စ်အိန်ဂျလိစ်မြို့သို့ သွယ်တန်းရယူမှုလုပ်ငန်းကြီးသည်လည်း ကြီးမားသောလုပ်ငန်းကြီးတစ်ခုဖြစ်ခဲ့သည်။ ပြည်ထောင်စုတစ်စုတွင် ပြည်နယ်ခြောက်ခုသို့ဖြတ်သန်းစီးဆင်းနေသောရေကို အခြားပြည်နယ်တစ်ခုသို့ သွယ်ယူအသုံးပြုခြင်းဖြစ်သည်။

ကိုလိုရာဒိုမြစ်မှ ရေသွယ်စနစ်(Colorado River Aqueduct) သည် ကီလိုမီတာ ၃၉၂(၂၄၂ မိုင်) ရှည်လျားသော ရေသွယ်စနစ်ဖြစ်သည်။ တောင်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်အတွက် သောက်သုံးရေပေးပို့နေသော အဓိကရေသွယ်စနစ်ဖြစ်သည်။ ကိုလိုရာဒိုမြစ်ပေါ်တွင် ပတ်ကားတမံ(Parker Dam) တည်ဆောက်၍ လွှဲယူခဲ့သည်။ အဆိုပါရေကို သွယ်ယူလာပြီး Riverside County တွင်ရှိသော Lake Mathews သို့ ထည့်သွင်းသည်။ ၄၅ ကုဗမီတာ/စက္ကန့်(၁၆၀၀ ကုဗပေ/စက္ကန့်) ၁၀၂၀၀ ဂါလန်/စက္ကန့်)နှုန်းဖြင့် သွယ်ယူနိုင်သည်။ ၁၉၃၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၁၉၃၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် ရေစတင်ပို့လွှတ်နိုင်ခဲ့သည်။

ဤစနစ်၏ထူးခြားချက်မှာ Parker Dam ထဲမှရေကို အမြင့်ပေ ၈၉ မီတာ(၂၉၁ ပေ) ရှိ Whipple Mountains တောင်ကြောပေါ်သို့ ရေတင်စက်များဖြင့် တွန်းတင်ပြီး ရေသွယ်စနစ်ထဲသို့ ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

ကြို့ပင်ကောက်၊ ကျေးလက်ဖွံ့ဖြိုးရေး

## VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ပံပင်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို မေလ ၂၈ ရက်တွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးသည်။

အဆိုပါလက်ပံပင်စုကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သူသူငြိမ်း**

---

ရန်ကုန်၊ လူမှုရေး

## သတင်းရေးသားနည်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်လှစ်



ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သတင်းရေးသားနည်းသင်တန်းအမှတ်စဉ် (၁/၂၀၂၄)ကို မေလ ၂၇ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြည်သူများအတွက် ပြည့်စုံမှန်ကန်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် သတင်းရေးသားနည်းသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ ဦးခင်မောင်ကျော်ဒင်က မိမိကျွမ်းကျင်တတ်မြောက်သည့် သတင်းစာပညာနှင့် သတင်းရေးသားနည်းပညာများကို ပြန်လည်မျှဝေပေးမည်ဖြစ်၍ သင်တန်းသားများ အနေဖြင့် စိတ်ပါဝင်စားစွာမှတ်သားပြီး မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချကြရန် ရှင်းလင်းမှာကြားသည်။

အဆိုပါသတင်းရေးသားနည်းသင်တန်းတွင် မီဒီယာအမျိုးအစားများ၊ သတင်းဆိုသည့်အဓိပ္ပာယ်၊ သတင်း၏တန်ဖိုး၊ သတင်း၏အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ တိကျပြည့်စုံမှန်ကန်သည့် သတင်းတစ်ပုဒ်ဖြစ်လာစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် သတိပြုရမည့်အချက်များ စသည်တို့ကို မေလ ၂၇ ရက်မှ ၃၁ ရက်အထိ သင်ကြားပေးလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

စဥ့်ကိုင်၊ ကျေးလက်ဖွံ့ဖြိုးရေး

# စဥ့်ကိုင်မြို့နယ် သင်္ဂတုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သင်္ဂတုံကျေးရွာအုပ်စု သင်္ဂတုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေလ ၂၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီဦးနှင့်ဝန်ထမ်းများ၊ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သင်္ဂတုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

စဥ့်ကိုင်မြို့နယ် သင်္ဂတုံကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ၈၂၅ ပေ အကျယ် ၁၂ ပေ၊ ထု ၆ လက်မကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်ငါးသန်း စုစုပေါင်းငွေကျပ် ၁၅ သန်းဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာနေ ဒေသခံပြည်သူများသွားလာရေးအဆင်ပြေစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ရွှေဘို၊ စိုက်ပျိုးရေး

# ရွှေဘိုခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ထောပတ်ပဲ ၃၅၉၁ ဧက ရိတ်သိမ်းပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ထောပတ်ပဲ ၃၅၉၁ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ရွှေဘိုခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ဖေဖော်ဝါရီလမှစ၍ ရိတ်သိမ်းခဲ့ကြရာ ၃၅၉၁ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ ဒသမ ၈၁ တင်းခန့်ထွက်ရှိကြောင်း သိရသည်။


"ရွှေဘိုခရိုင်အတွင်း ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက ထောပတ်ပဲ ၃၅၉၁ ဧကအထိ စိုက်ပျိုးထားပါတယ်။ လက်ရှိဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ထောပတ်ပဲက ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းကပြောသည်။

ရွှေဘိုခရိုင်၌ မြို့နယ်အလိုက် ထောပတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်၌ ၅၁၉ ဧက၊ ခင်ဦးမြို့နယ်၌ ၇၀၃ ဧက၊ ဝက်လက်မြို့နယ်၌ ၁၃၅၅ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲ၌ ၁၀၁၄ ဧက စုစုပေါင်း ၃၅၉၁ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်၌ ပဲမျိုးစုံစိုက်ပျိုးကြသော တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၄၀၉)**

## မိုးလေဝသ သတင်း




ပဲခူး၊ စိုက်ပျိုးရေး

# ပဲခူးတိုင်းဒေသကြီးအတွင်း တစ်နှစ်လျှင် နှစ်သီးစားစိုက်ပျိုးရာမှ သုံးသီးစားအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ပြီး သီးထပ်စွမ်းအားတိုးတက်လာစေရန် ဆောင်ရွက်မည်

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သီးနှံများကို တစ်နှစ်လျှင် နှစ်သီးစားစိုက်ပျိုးရာမှ သုံးသီးစားအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ပြီး သီးထပ်စွမ်းအားတိုးတက်လာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်း ဆည်ရေများဖြင့် စိုက်ပျိုးရသော လယ်ယာမြေများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်စေရန် ဆည်ကြီးကုန်းရေပို့လွှဲပြုပြင်ခြင်း၊ ရေထုတ်ပြွန်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရှည်ပေ ၇၅၀၀ ရှိ ရေပေးမြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျူတောကန်ကျေးရွာအုပ်စု၌ YSR-1 စံပြမျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးထားကြောင်း သိရသည်။ ထို YSR-1 စပါးမျိုးစေ့သည် တစ်ဧကလျှင်တင်း ၁၄၀ မှ ၁၅၀ အထိ ထွက်ရှိပြီး ဆန်လုံးရှည်သွယ်သည့်အပြင် စပါးဂုတ်ကျိုးရောဂါဒဏ်ခံနိုင်သော စပါးမျိုးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်ခြင်းကြောင့် တောင်သူများ ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေးနှင့် လာမည့်မိုးစပါးစိုက်ပျိုးရာသီတွင် မျိုးစပါးများ လုံလောက်စွာရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ရိတ်သိမ်းခြွေလှေ့စက်များ၊ တန်ဖိုးသင့်စပါးအစေ့ချကိရိယာများနှင့် ဆေးဖျန်းစက်များအပြင် တောင်သူများ လွယ်ကူစွာအသုံးပြုနိုင်မည့် ဘက်စုံသုံးအသေးစားထွန်ယက်သည့်စက်ကိရိယာများကိုလည်း စက်မှုလုပ်ငန်းရှင်များက စွန့်ဦးတီထွင်ထုတ်လုပ်နိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

ရန်ကုန်၊ ကျေးလက်ဖွံ့ဖြိုးရေး

# ခရမ်းမြို့နယ်၌ မြေသားရေကန်အနက်တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှားပါးသည့် ကျေးရွာများအား နွေရာသီကာလရေရှားမှုကို ကြိုတင်ကာကွယ်ရန်ရည်ရွယ်၍ အနောက်အပေါက်ကုန်းကျေးရွာ၌ မြေသားရေကန်အနက် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေလ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးမြင့်နှင့် တာဝန်ရှိသူများက မြေသားရေကန်အနက်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးမြေသားရေကန်ကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မြေသားရေကန်အနက်တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၇ ဒသမ ၇၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ယခုနှစ်ဧပြီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

နယူးဒေလီ   မေ   ၂၈

# အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် "မဟာသဒ္ဓမ္မဇောတိကဓဇ"နှင့် "သဒ္ဓမ္မဇောတိကဓဇ" သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့်အခမ်းအနားကျင်းပ




အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် "မဟာသဒ္ဓမ္မဇောတိကဓဇ" နှင့် "သဒ္ဓမ္မဇောတိကဓဇ" သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကို မေလ ၂၆ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်များအဖြစ် နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် ကုသိနာရုံ မြန်မာကျောင်းတိုက်မှ အဓိပတိ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့က ကြွရောက်ချီးမြှင့်ခဲ့ပြီး ဗုဒ္ဓဘာသာနိုင်ငံများမှ သံအမတ်ကြီးများ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းပေါင်းစုံမှ ဆရာတော်များ၊ လူပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်ဧည့်သည်တော် သီတဂူဆရာတော်ကြီးနှင့် ကုသိနာရုံဆရာတော်ကြီးတို့က ဩဝါဒချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်အစိုးရကိုယ်စား မြန်မာသံအမတ်ကြီးက အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်များဖြစ်သည့် Ven. Bhikkhu Sanghasena မဟာဗောဓိအပြည်ပြည်ဆိုင်ရာတရားရိပ်သာ၊ ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ ဓမ္မဒီပပညာရေးကျောင်းနှင့် ဒေါက်တာ ဘဒ္ဒန္တယသ၊ ဦးစန္ဒြမဏိဆိုနော်လီ မြန်မာကျောင်းတိုက်တို့အား သာသနာ့ဂုဏ်ထူးဆောင်ဘွဲ့များဆက်ကပ်အပ်နှင်းပြီး လူမှုထူးချွန်သူလေးဦးကိုလည်း အပြည်ပြည်ဆိုင်ရာဗုဒ္ဓ ငြိမ်းချမ်းရေးဆု (International Buddha Peace Awards) များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်   မေ   ၂၈

# ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့်ဌာနဖြစ်၍ ပညာရေးဝန်ထမ်းမိသားစုများအားလုံး လက်တွဲညီညီဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းမှတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့်ဌာနဖြစ်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းမိသားစုများအားလုံး လက်တွဲညီညီဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းထဲရောက်ရှိစေရေး ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အနည်းဆုံး အလယ်တန်းကျောင်းများအားလုံး ကျောင်းစာကြည့်တိုက်ထားရှိရန်နှင့်ကျောင်းစာကြည့်တိုက်တွင် စာဖတ်ချိန်ကို အချိန်ဇယားတွင် ထည့်သွင်းရေးဆွဲကျင့်သုံးကြရမည်ဖြစ်ကြောင်း၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများအနေဖြင့် စာသင်ကျောင်းများနှင့် စာသင်ခန်းများအထိ အရောက်သွား၍ ကျောင်းသား၊ ကျောင်းသူများ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဘာသာရပ်သင်ကြားရုံမျှသာမဟုတ်ဘဲ ကျောင်းသားလူငယ်များကို ယဉ်ကျေးလိမ္မာအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိအောင်၊ မိမိယဉ်ကျေးမှုကိုမြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်တတ်အောင် သွန်သင်ဆုံးမပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပုဂ္ဂလိကကျောင်းများကို ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ထောက်ခံချက်အရ ထပ်မံစိစစ်၍ ကျောင်းမှတ်ပုံတင်လက်မှတ်ထုတ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကဆရာအတတ်ပညာသင်တန်းတက်ရောက်ပြီးသူများအား ဘွဲ့လက်မှတ်မှန်ကန်မှု၊ ပြစ်မှုကင်းရှင်းမှု ထပ်မံစိစစ်၍ ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုနည်းစနစ်များကို မွမ်းမံမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံပညာရေးအဆင့်အတန်းမြှင့်တင်ရေးတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများပေးပို့ရန်အတွက် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏**"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"စုပေါင်းကာကွယ် သဘာဝဘေးအန္တရာယ်"** ခေါင်းစဉ်ဖြင့် ၂၉-၅-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁နာရီတွင် **"အများပြည်သူပိုင်စာသင်ကျောင်းတွေကိုပါ အာဏာသုံးလုယူလာကြတဲ့အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကိုMessage ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆° C | / | ၃၂.၃° C |
| ရန်ကုန် | ၂၅° C | / | ၃၃.၀° C |
| မန္တလေး | ၂၆° C | / | ၃၆.၀° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် မေ ၂၈

# ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများ လေ့လာမှုဆိုင်ရာသုတေသနစာတမ်း၏ တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(Senior Officials Meeting on Social Welfare and Development-SOMSWD)တွင် မြန်မာ၏ SOMSWD Work Plan (2021-2025)အရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏အကျိုးသက်ရောက်မှုများ လေ့လာမှုဆိုင်ရာ သုတေသနစာတမ်းကို ASEAN Development Fund (ADF) အထောက်အပံ့ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ သက်ဆိုင်ရာနိုင်ငံများအလိုက် သုတေသနများဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ(Validation Workshop for the Research on the Impact of COVID-19 on the Income Security of Rural Older People in Cambodia, Lao PDR, Myanmar and Vietnam)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ASEAN Ministerial Meetings on Social Welfare and Development-AMMSWD (Myanmar) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှ Regional Researcher နှင့် National Researchers များ၊ ဌာနဆိုင်ရာများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက In-Person ဖြင့် တက်ရောက်ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOMSWD)၏ အလှည့်ကျဥက္ကဋ္ဌနှင့် Focal Points များ၊ အာဆီယံ အလုပ်သမားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(SLOM)၏ အလှည့်ကျဥက္ကဋ္ဌတို့က Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကိုဗစ်-၁၉ သည် ကမ္ဘာတစ်ဝန်းတွင် ထိခိုက်လွယ်အုပ်စုများအတွက် စိန်ခေါ်မှုများကိုဖြစ်ပေါ်စေခဲ့ပြီး အရှေ့တောင်အာရှ၏ ကျေးလက်ဒေသတွင်နေထိုင်သော သက်ကြီးရွယ်အိုများအတွက်လည်း ဝင်ငွေရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့မှုများအပါအဝင် အခက်အခဲများကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဤသုတေသနတွေ့ရှိချက်များသည် သက်ကြီးရွယ်အိုများအပေါ် ကိုဗစ်-၁၉ ၏ ဘက်ပေါင်းစုံမှ အကျိုးသက်ရောက်မှုများကို ဖော်ပြထားပြီး ထိုမှတစ်ဆင့် ထိရောက်သောမူဝါဒများ ချမှတ်နိုင်ရေးအတွက် အကြံပြုချက်များ ပါရှိပါကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုနိုင်ရေး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး(SOMSWD)၏အလှည့်ကျဥက္ကဋ္ဌကိုယ်စား ဗီယက်နမ်နိုင်ငံ အလုပ်သမားနှင့် လူမှုရေးရာဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Ha Thi Minh Duc က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် သုတေသန၏ Regional Researcher ဖြစ်သူ ဒေါက်တာခိုင်ခင်ဖြူက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများအပေါ် လေ့လာမှုဆိုင်ရာ သုတေသနစာတမ်း၏တွေ့ရှိချက်နှင့် အကြံပြုချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက သုတေသနစာတမ်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၏ SOMSWD Focal Point ဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၂ / ၂၀၂၄**
၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကိုလေးအား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

နေပြည်တော် မေ ၂၈

# စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေး စုစုပေါင်း ၄၁၉၆ မျိုးကို တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၂) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများနှင့်ပတ်သက်၍ သုတေသနနှင့် လူ့စွမ်းအားမြှင့်တင်ရေး လိုအပ်ချက်များ၊ ပိုးသတ်ဆေးနည်းပညာကော်မတီဝင်များက စိစစ်တင်ပြလာသော ပိုးသတ်ဆေးအမျိုးပေါင်း ၁၄၉ မျိုးအား အတည်ပြုပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အနေဖြင့် ပိုးသတ်ဆေး နည်းပညာကော်မတီက ပြုစုတင်ပြလာသည့် သတင်းအချက်အလက်များ စိစစ်သုံးသပ်အကြံပြုချက်များကိုအခြေခံ၍ ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့်စပ်လျဉ်း၍ တင်ပြရန်လိုအပ်သော အထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်မြင့်မားစေသော ပိုးသတ်ဆေးများကိုသုံးစွဲရန် ပိတ်ပင်တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်သုံးစွဲစွန့်ပစ်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကိုအန္တရာယ်မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်လျက်ရှိပြီး ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်၊ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်နှင့် ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးခွင့်လိုင်စင်လျှောက်ထားလာမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပိုးသတ်ဆေးဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ အရည်အသွေးပြည့်မီစွာအသုံးပြုနိုင်ရေးနှင့် အတုအပများကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေးအတွက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိရာ (၄၁)ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေး ပြီးဆုံးသည့်ကာလအထိ ပိုးသတ်ဆေးစုစုပေါင်း ၄၁၉၆ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




နေပြည်တော် မေ ၂၈

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# ခါးနာခြင်းဝေဒနာအတွက် ကြိုတင်ကာကွယ်ခြင်းနှင့်ကုသခြင်း



ခါးနာဝေဒနာရှင်တစ်ယောက်ကို ကုသပေးမယ်ဆိုရင် ကြိုတင်ကာကွယ်တာ၊ ကုသတာနဲ့ ထပ်ပြီးမဖြစ်ပွားစေဖို့ ကာကွယ်တာဆိုပြီး အပိုင်းသုံးပိုင်းနဲ့ ကုသပေးရပါတယ်။ ကြိုတင်ကာကွယ်ရာမှာ ခန္ဓာကိုယ်အနေအထားမှန်ကန်အောင်ထားတာ၊ ခါးလေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးတာ၊ နေ့စဉ်လှုပ်ရှားသွားလာရာမှာ ခါးအနေအထားမှန်ကန်စွာထားရှိတာဆိုတဲ့ အပိုင်းသုံးပိုင်းပါဝင်ပါတယ်။

ခန္ဓာကိုယ်အနေအထားမှန်ကန်ဖို့ဆိုရင် ထိုင်တဲ့အခါ လက်တန်းပါတဲ့ထိုင်ခုံနဲ့ ထိုင်သင့်ပါတယ်။ ခါးကိုမတ်မတ်ထားပြီး ဗိုက်ချပ်ထားသင့်ပါတယ်။ ပခုံးတောင့်မနေသင့်ပါဘူး။ ခါးနောက်ဘက်မှာ ခေါင်းအုံးထားပြီး ထိုင်သင့်ပါတယ်။ ဒူးကိုပေါင်ထိပ်အမြင့်ထက် မြင့်အောင်ကွေးထိုင်သင့်ပါတယ်။ ခြေဖဝါးကို ကြမ်းပြင်နဲ့ထိထားသင့်တယ်။ မတ်တတ်ရပ်တဲ့အခါမှာလည်း ခြေနှစ်ဖက်စလုံးပေါ်မှာ ခန္ဓာကိုယ်ကိုရပ်ပြီး ခါးကို မတ်မတ်ရပ်သင့်ပါတယ်။

ကုသတဲ့နေရာမှာ ဆေးဝါးမပါဘဲ ကုသတာ၊ ဆေးဝါးနဲ့ကုသတာ၊ ခွဲစိတ်ကုသတာဆိုပြီး အပိုင်းသုံးပိုင်းရှိပါတယ်။ ဆေးဝါးမပါဘဲကုသတာက အနားယူတာ၊ ကာယကုထုံးနည်းနဲ့ကုသပေးတာ၊ လေ့ကျင့်ခန်းတွေနဲ့ကုသပေးတာ၊ အပ်စိုက်ကုသနည်းတွေနဲ့ ကုသပေးတာပဲဖြစ်ပါတယ်။ ဆေးဝါးနဲ့ကုသပေးတာက အကိုက်အခဲပျောက်ဆေး၊ အကြောလျှော့ဆေး၊ ရောဂါနဲ့ဆိုင်တဲ့ဆေး၊ စိတ်ငြိမ်ဆေး စတဲ့ဆေးတွေပေးပြီး ကုသရပါတယ်။ ဒါတွေနဲ့ မရတော့မှသာ ခွဲစိတ်ကုသရပါမယ်။

ခါးနာတာ ဆိုးဆိုးရွားရွားခံစားနေရတာ၊ အာရုံကြောတွေထိမိတာကြောင့် ကြွက်သားတွေအားနည်းလာတာ၊ ကူဒါရီအီနာရောဂါစုဖြစ်တဲ့ ဆီးမထိန်းနိုင်တာ၊ ဆီးအိမ်တင်းပြီး ဆီးတစ်စက်စက်ကျတာ၊ ဝမ်းမထိန်းနိုင်တာ၊ ခြေထောက်နှစ်ဖက်စလုံး မလှုပ်ရှားနိုင်တော့တာ၊ ထိတွေ့မှုကို မခံစားမိတော့တာ၊ စအိုတစ်ဝိုက်မှာ ထုံကျဉ်နေတာတွေကို ခံစားရရင် ခွဲစိတ်ရမယ့်အခြေအနေလို့ ပြောလို့ရပါတယ်။

ခါးနာနေတဲ့ဝေဒနာရှင်တစ်ယောက်ကို အကြောအဆစ်ပြန်လည်သန်စွမ်းရေးဌာနမှာ အပေါ်ယံအပူပေးပြီးကုသတာ၊ Hot water bottle၊ Electric chemical နည်း၊ ရေနွေးနည်းဖြစ်တဲ့ Hydrotherapy၊ whirl pool၊ Heat pool နည်း၊ အတွင်းထိအပူပေးပြီး ကုသတဲ့နည်း၊ လျှပ်စစ်ဓာတ်နဲ့လှုံ့ဆော်ကုသတာ၊ လေဆာနဲ့ကုသတာ၊ ခါးတွဲဆန့်စက်နဲ့ကုသတာ စတာတွေနဲ့ ကုသပေးနိုင်ပါတယ်။ လေ့ကျင့်ခန်းကို နည်းပြဆရာနဲ့ စနစ်တကျပြုလုပ်ဖို့လိုအပ်ပါတယ်။

ခါးမနာစေဖို့ အဓိကလေ့ကျင့်ခန်းသုံးခုရှိပါတယ်။ အကြောလျှော့လေ့ကျင့်ခန်း၊ ကြွက်သားတွေသန်မာစေတဲ့လေ့ကျင့်ခန်းနဲ့ သက်လုံကောင်းစေတဲ့လေ့ကျင့်ခန်းတို့ဖြစ်ပါတယ်။

လေ့ကျင့်ခန်းလုပ်ဆောင်ရာမှာ သတိထားလုပ်ဆောင်သင့်တာတွေလည်း ရှိပါတယ်။ ခါးနာနေတဲ့အခါ လေ့ကျင့်ခန်းပြုလုပ်ရာမှာ တတ်ကျွမ်းနားလည်တဲ့ အကြောအဆစ်နဲ့ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီးတွေရဲ့ ညွှန်ကြားချက်နဲ့ အကြောအဆစ်ကျွမ်းကျင်ပညာရှင်တွေ သင်ကြားပြသပေးတာကိုပဲ စနစ်တကျလိုက်နာဆောင်ရွက်စေလိုပါတယ်။ ခါးနာရတဲ့အကြောင်းရင်း၊ ရောဂါအခြေအနေ၊ လူနာတစ်ဦးချင်းစီရဲ့ နေ့စဉ်လှုပ်ရှားမှုပုံစံပေါ်မူတည်ပြီး လေ့ကျင့်ခန်းတွေကလည်း ကွဲပြားခြားနားပါတယ်။ ဒါ့ပြင် ရောဂါအခြေအနေသက်သာပျောက်ကင်းတဲ့အပေါ်မူတည်ပြီး ထပ်မံပြုလုပ်ရမယ့်လေ့ကျင့်ခန်းတွေလည်း ရှိတာကြောင့် ခါးနာဝေဒနာရှင်တစ်ဦးချင်းစီအတွက် လေ့ကျင့်ခန်းတွေကို ကျွမ်းကျင်သူတွေရဲ့အကူအညီ၊ အကြံပေးမှုတွေကို လိုက်နာပြီး စက်မဲ့လေ့ကျင့်ခန်း၊ စက်နဲ့လေ့ကျင့်ခန်းတွေပြုလုပ်ဖို့ လိုအပ်ပါတယ်။ ရေနွေးကုထုံးနည်းတွေ၊ ဖယောင်းကန်ထဲကူးတဲ့နည်းတွေ ကျင့်သုံးနိုင်ပါတယ်။ လူတိုင်း နေ့စဉ်နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရွှရွှပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်ပါတယ်။ လေ့ကျင့်ခန်းမစခင် သွေးပူလေ့ကျင့်ခန်းနဲ့ လေ့ကျင့်ခန်းပြုလုပ်ပြီးချိန်မှာ အသက်ရှူလေ့ကျင့်ခန်းပြုလုပ်ဖို့ လိုအပ်ပါတယ်။

လေ့ကျင့်ခန်းပြုလုပ်မယ်ဆိုရင် စစချင်းမှာ အကြောအရင်လျှော့ပေးရပါမယ်။ ပက်လက်အနေအထားနဲ့ ခြေဖဝါးကို အပေါ်ထောင်ပေးပြီး အောက်ဖက်ကိုပြန်ကုပ်ချပေးရပါမယ်။ တစ်ဖက် ၁၀ ကြိမ်စီ ပြုလုပ်သင့်ပါတယ်။ ပက်လက်အနေအထားမှာပဲ ဒူးကွေးလိုက် ပြန်ပြီးဒူးဆန့်လိုက် တစ်ဖက်ကို ၁၀ ကြိမ်စီ လုပ်ပေးသင့်ပါတယ်။ ပက်လက်အနေအထားမှာပဲ ဒူးနှစ်ဖက်စလုံးကိုကွေးထား၊ လက်ကိုဗိုက်ပေါ်တင်ထားပြီး ငါးစက္ကန့်လောက်ဗိုက်ချပ်ထားသင့်ပါတယ်။ အသက်မအောင့်သင့်ပါဘူး။ ၁၀ ကြိမ်လောက်လုပ်ပေးသင့်ပါတယ်။ ပက်လက်အနေအထားမှာပဲ ဒူးတစ်ဖက်ကိုကွေးထားပြီး ကျန်ဒူးတစ်ဖက်ကို ဆန့်ထားသင့်ပါတယ်။ ဗိုက်ချပ်လိုက်ပြီး ဆန့်ထားတဲ့ခြေထောက်ကို ၆ လက်မ ဒါမှမဟုတ် ၁၂ လက်မလောက်မြင့်အောင် မြှောက်သင့်ပါတယ်။ ဖြည်းဖြည်းချင်းပြန်ချတာ တစ်ဖက် ၁၀ ကြိမ်စီ ပြုလုပ်ပေးသင့်ပါတယ်။ ပက်လက်အနေအထားနဲ့ ဒူးနှစ်ဖက်ကို ကွေးထားသင့်ပါတယ်။ ဒူးတစ်ဖက်ကို ပေါင်ကနေပြီး ရင်ဘတ်ဆီကို ဆွဲယူကာ စက္ကန့် ၂၀ လောက်ဆွဲထားပြီး ပြန်ဖြေလျှော့ပေးသင့်ပါတယ်။ တစ်ဖက် ငါးကြိမ်စီ ပြုလုပ်ပေးသင့်ပါတယ်။

ခါးနာတာနဲ့ပတ်သက်ပြီး နောက်ထပ်မဖြစ်ရအောင် အနေအထိုင်၊ အပြုအမူတွေကို ဂရုစိုက်သင့်ပါတယ်။ ပုံစံမှန်မှန်လှုပ်ရှားသွားလာရပါမယ်။ ခါးလေ့ကျင့်ခန်းကို ပုံမှန်ပြုလုပ်ပေးရပါမယ်။ ခါးလေ့ကျင့်ခန်းမစခင် အကြောလျှော့လေ့ကျင့်ခန်းတွေ ပုံမှန်ပြုလုပ်ပေးရပါမယ်။ ခါးကုန်းတဲ့အနေအထားနဲ့မခြင်း၊ ချီပိုးခြင်းကိုရှောင်ကြဉ်ရပါမယ်။ အလေးအပင်မတာကိုလည်း ရှောင်ကြဉ်ရပါမယ်။ အချိန်အတော်ကြာကြာထိုင်တာ၊ ရပ်တာ၊ လမ်းလျှောက်တာတွေကိုလည်း တတ်နိုင်သမျှလျှော့ဖို့လိုအပ်ပါတယ်။

ခါးနာတဲ့လက္ခဏာတွေကတော့ စူးရှတဲ့နာကျင်မှုကနေ ဓားနဲ့ထိုးသလိုမျိုးနာကျင်မှုမျိုးဖြစ်နိုင်ပါတယ်။ နာကျင်မှုက လှုပ်ရှားဖို့ ဒါမှမဟုတ် မတ်တတ်ရပ်ဖို့တောင် ခက်ခဲတာမျိုးဖြစ်နိုင်တယ်။ ခါးနာခြင်းက အားကစားပြုလုပ်အပြီး ဒါမှမဟုတ် လေးလံတဲ့အရာတစ်ခုကိုမအပြီးမှာ ရုတ်တရက်ဖြစ်လာတတ်ပါတယ်။ သုံးလထက်ပိုကြာတတ်တဲ့နာကျင်မှုတွေကို နာတာရှည်လို့ သတ်မှတ်ပါတယ်။ သုံးရက်အတွင်းမသက်သာရင် ဆရာဝန်နဲ့ တိုင်ပင်ပြသသင့်ပါတယ်။

အရေးပေါ်ပြုစုမှုလိုအပ်တဲ့လက္ခဏာတွေက ပြုတ်ကျအပြီး ဒါမှမဟုတ် ဒဏ်ရာရအပြီးမှာ ပြင်းထန်စွာခါးနာရင် ဆရာဝန်နဲ့ပြသဖို့လိုအပ်ပါတယ်။

- မိမိရဲ့အလုပ်က မခြင်း၊ တွန်းခြင်း စတဲ့ကျောရိုးမကိုအသုံးပြုရရင် ခါးနာစေနိုင်ပါတယ်။ စားပွဲမှာ တစ်နေကုန်ထိုင်ခြင်းကလည်း ခုံကသက်သောင့်သက်သာမရှိရင် ဒါမှမဟုတ် လူကကုန်းနေရင် ခါးနာစေပါတယ်။

- လွယ်အိတ်၊ ပိုက်ဆံအိတ်၊ ကျောပိုးအိတ်ကို ပုခုံးပေါ်မှာလွယ်မယ်ဆိုရင် အပိုအလေးချိန်အပါအဝင် ခန္ဓာကိုယ်အပေါ်ပိုင်းကို ခါးအောက်ပိုင်းက အထောက်အပံ့ပေးထားရပါတယ်။ ဒါကြောင့် အလေးချိန်များတဲ့အိတ်ကို နေ့တိုင်းလွယ်မယ်ဆိုရင် ခါးနာနိုင်ပါတယ်။

- လေ့ကျင့်ခန်းမလုပ်ခင် သွေးပူလေ့ကျင့်ခန်းပြုလုပ်ဖို့ လိုအပ်ပါတယ်။ ခါးနာတာကိုဖြစ်စေတဲ့ အဖြစ်များတဲ့အချက်တစ်ခုက အားကစားရုံ ဒါမှမဟုတ် ဂေါက်ရိုက်တဲ့နေရာမှာ အလွန်အကျွံကစားခြင်းကြောင့်ဖြစ်နိုင်ပါတယ်။ တစ်ပတ်လုံးဘာမှမလုပ်ဘဲ အပြင်းအထန်လုပ်မိရင်လည်း ခါးနာနိုင်ပါတယ်။ နေ့စဉ် နာရီဝက်ကနေ တစ်နာရီကြာ အားကစားပြုလုပ်သင့်ပါတယ်။

- ကိုယ်နေဟန်ထား မတ်မတ်ထိုင်သင့်ပါတယ်။ ကိုယ့်နောက်ကျောက ကုန်းမနေဘူးဆိုရင် ကိုယ်အလေးချိန်က အကောင်းဆုံးထောက်ပံ့ပေးပါတယ်။ မတ်တတ်ရပ်ရင် ခြေထောက်နှစ်ချောင်းပေါ်မှာ ကိုယ်အလေးချိန်ညီစွာကျသင့်ပါတယ်။

ခါးနာတာက သူ့ဘာသာပျောက်သွားနိုင်ပေမယ့် ခန္ဓာကိုယ်သက်သောင့်သက်သာရှိဖို့လိုအပ်ပါတယ်။ နာကျင်မှုခဏသက်သာစေဖို့ အပူပေးထားတဲ့အဝတ် ဒါမှမဟုတ် ရေပူနဲ့ရေချိုးတာ ပြုလုပ်သင့်ပါတယ်။ ခါးနာနေရင် သစ်သားကုတင်ပေါ်မှာ ဖျာတစ်ချပ်ခင်း ခေါင်းအုံးတစ်လုံးနဲ့ဆန့်ဆန့်အိပ်ပြီး ရေနွေးအိတ်ကပ်ပေးသင့်ပါတယ်။ ခါးနာခြင်းမှကာကွယ်ဖို့ ပုံမှန်ကိုယ်အလေးချိန်အချိုးအစား ဘီအမ်အိုင် ၁၈ ဒသမ ၉-၂၄ ဒသမ ၉ အတွင်းထိန်းထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

“ခါးနာတဲ့လက္ခဏာတွေကတော့ စူးရှတဲ့နာကျင်မှုကနေ ဓားနဲ့ထိုးသလိုမျိုးနာကျင်မှုမျိုးဖြစ်နိုင်ပါတယ်။ နာကျင်မှုက လှုပ်ရှားဖို့ ဒါမှမဟုတ် မတ်တတ်ရပ်ဖို့တောင် ခက်ခဲတာမျိုးဖြစ်နိုင်တယ်။ ခါးနာခြင်းက အားကစားပြုလုပ်အပြီး ဒါမှမဟုတ် လေးလံတဲ့အရာတစ်ခုကို မအပြီးမှာ ရုတ်တရက်ဖြစ်လာတတ်ပါတယ်။ သုံးလထက်ပိုကြာတတ်တဲ့နာကျင်မှုတွေကို နာတာရှည်လို့ သတ်မှတ်ပါတယ်။ သုံးရက်အတွင်းမသက်သာရင် ဆရာဝန်နဲ့ တိုင်ပင်ပြသသင့်ပါတယ်. . .”

**ဒေါက်တာလွင်သန့်**

---

**ထားဝယ်၊ လူမှုရေး**

## ထားဝယ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပန်းချီပိုစတာပြိုင်ပွဲကျင်းပ

ဇွန်လ ၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး၊ မြေယာပြန်လည်ပြုပြင်ပေးခေါင်းစဉ်ဖြင့် ပန်းချီပိုစတာပြိုင်ပွဲကို မေလ ၂၈ ရက်တွင် ထားဝယ်မြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာကျောင်းပေါင်းစုံမှ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများ၏ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးနှင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ငွေစင်ယော်(ထားဝယ်)**

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန်လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများတစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလတွင်ပေါ်ထွန်းခဲ့သော သောင်နှင့်ကျွန်းများရေမြုပ်၍ ရေမွှာပေါက်ဖြတ်လမ်းများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမွှာပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်းမပြုကြရန်နှင့် မိမိရေယာဉ်၏စက်အားနှင့်ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရန်လိုအပ်ပါသည်။

၃။ မြစ်ကူးတံတားရေလမ်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါအစိမ်းရောင်တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားပါသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်(၂)တိုင်အကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များမြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကိုဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်ဝန်နှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်ပါသည်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက်လေပြင်းတိုက်ခတ်မှုနှင့်မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်များအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့်လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့်ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာကြရန် **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါသည်။

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

♦ **ကျောဖုံးမှအဆက်**

၈ ပေမှ ၁၀ ပေခန့်၊ နောက် ၁၁ ရက်မှ ၁၃ ရက်အတွင်း ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၆ ပေမှ ၇ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၂၀၂၄ ခုနှစ် မေလ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့တွင် ၅၀၂ စင်တီမီတာသို့ရောက်ရှိခဲ့ကာ ၃၆ နာရီအတွင်း ၁၃ ပေခန့်မြင့်တက်ခဲ့ပါသည်။

ချင်းတွင်းမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက် ၁ ရက်မှ ၄ ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၁၀ ပေမှ ၁၁ ပေခန့်၊ နောက် ၄ ရက်မှ ၆ ရက်အတွင်း ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် ၈ ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်းသွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၆း၀၃ | တရားတော် |
| ၂။ | ၇း၁၆ | မေတ္တာပို့ |
| ၃။ | ၇း၄၀ | မျိုးချစ်တပ်မတော် |
| ၄။ | ၇း၄၅ | မြန်မာ့ရှုခင်း |
| ၅။ | ၉း၂၅ | ရှေးဟောင်းသုတ |
| ၆။ | ၉း၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၇။ | ၁၁း၂၅ | သီချင်းလက်ဆောင် |
| ၈။ | ၁၆း၂၀ | Sport Review |
| ၉။ | ၁၆း၃၀ | မြန်မာသံစဉ်ချိုနားဝင် |

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## “ပင့်ကျေရစ်ကြေ၊ သည်နှစ်ထွေ၊ မှတ်လေခွဲခြားခြား” - “ကမ္ဘာမကျေ၊ ယပင့်လေ၊ မသွေမြဲမှတ်ထား”

နိုင်ငံတော်သီချင်းတွင် “ကမ္ဘာမကျေ၊ မြန်မာပြည်၊ တို့ဘိုးဘွားအမွေစစ်မို့၊ ချစ်မြတ်နိုးပေ” ဟူသော စာပိုဒ်ပါသည်ကို မြန်မာလူမျိုးတိုင်း သိကြပေသည်။ “ကမ္ဘာမကျေ” ဟူသောအသံကို ကြားလိုက်လျှင်ပင် မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သီချင်းကို ဆိုတော့မည်ဟု သိကြသည်။ နားဝင်ပီယံ ဖြစ်ပါဘိသည်ဟုလည်း ခံစားမိကြသည်။ သို့သော် ကမ္ဘာမကျေကို အပင့် “ကျေ”ဖြင့် ရေးရမည်လော၊ ကမ္ဘာမကြေဟု အရစ် “ကြေ”ဖြင့် ရေးရမည်လော။ ကမ္ဘာမ “ကျေ” ဟု အပင့် “ကျေ” ဖြင့်ရေးလျှင် အဓိပ္ပာယ်မည်သို့ ဖြစ်မည်နည်း။ ကမ္ဘာ “မကြေ” ဟု အရစ် “ကြေ” ဖြင့်ရေးလျှင် အဓိပ္ပာယ်မည်သို့ ဖြစ်မည်နည်းဟူသော ပြဿနာကား ရှိနေပေလိမ့်မည်။

အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။ တစ်နည်းဆိုသော် အဓိပ္ပာယ်သိမှ စာလုံးပေါင်းသတ်ပုံမှန်မည်။ စာလုံးပေါင်းသတ်ပုံမှန်မှ အဓိပ္ပာယ်သိမည်ဟူသော ဥပဒေသအရ ယပင့် ကမ္ဘာမကျေ၏ အဓိပ္ပာယ်၊ ရရစ်ကမ္ဘာမကြေ၏ အဓိပ္ပာယ်ကို ဦးစွာသိပြီးမှ ကမ္ဘာမကျေဟု အပင့် “ကျေ”ဖြင့် ရေးရမည်လော။ ကမ္ဘာမကြေဟု အရစ် “ကြေ” ဖြင့် ရေးရမည်လောဟူသည်ကို ဆုံးဖြတ်ရပေလိမ့်မည်။

ဤတွင် အပင့် “ကျေ” နှင့် အရစ် “ကြေ” တို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရန် လိုအပ်လာပေသည်။ မြန်မာစာအဖွဲ့က ဖွင့်ဆိုထားသော အပင့် “ကျေ”၊ အရစ် “ကြေ”၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အလွန်ရှင်းလင်းပြတ်သား၍ လိုက်နာရန်လည်း အလွန်လွယ်ကူသည်ဟု ဆိုရပေလိမ့်မည်။ မြန်မာစာအဖွဲ့က အပင့် “ကျေ” ကို “ပျောက်ကွယ်သည်” ဟူ၍လည်းကောင်း၊ အရစ် “ကြေ” ကို “မုန့်မုန့်ညက်ညက်ဖြစ်သည်” ဟူ၍လည်းကောင်း၊ အဓိပ္ပာယ်သတ်မှတ်ဖွင့်ဆိုချက်ကို တစ်ဆင့်တက်၍ စဉ်းစားကြံဆရသော် “**မုန့်မုန့်ညက်ညက်ဖြစ်သည်**” ဆိုသည်မှာ ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခုရှိမှ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခုခု ကြေသည်ကိုသာ အရစ် “ကြေ” ဖြင့် သုံးနှုန်းရေးသားရပေသည်။

အပင့် “ကျေ” ၏ အဓိပ္ပာယ်ကို ပျောက်ကွယ်သည်ဟု ဖွင့်ဆိုသည်မှာလည်း မုန့်မုန့်ညက်ညက်ဖြစ်နိုင်သော ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခု ပျောက်ကွယ်သွားသည်ကို ဆိုလိုသည်မဟုတ်။ ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲမဟုတ်သော ထိနိုင်တွေ့နိုင်မြင်နိုင်သည့် အရာမဟုတ်သော နာမ်တစ်ခုခု၊ တစ်နည်းဆိုသော် စိတ္တဇနာမ်တစ်ခုခု ပျောက်ကွယ်သွားသည်ကိုသာ အပင့် “ကျေ”ဖြင့် သုံးနှုန်းရေးသားရပေသည်။

အဆိုပါ အရစ် “ကြေ” နှင့် အပင့် “ကျေ” တို့၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ဝေါဟာရ အသုံးအနှုန်းညီ မညီကို မြန်မာစာအဖွဲ့က ပုံနှိပ်ထုတ်ဝေသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့် ခွဲထားစာအုပ်တွင် ဖော်ပြထားသည့် အပင့် “ကျေ” နှင့် အရစ် “ကြေ” ခွဲထားသတ်ပုံစာရင်းကို လေ့လာကြည့်ကြစေလိုပါသည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော အပင့် “ကျေ” နှင့် အရစ် “ကြေ” ခွဲထားစာရင်းတွင် အောက်ပါဝေါဟာရများကို တွေ့နိုင်ပါသည်။

အပင့် “ကျေ” သုံးဝေါဟာရများ-

ကျေ-(ပျောက်ကွယ်)၊ ကျေကုံ-၊ ကျေချမ်း-၊ ကျေနပ်-၊ ကျေပ-၊ ကျေပျောက်-၊ ကျေပွန်-၊ ကျေလည်-၊ ကျေအေး-၊ ကျိန်းကျေ-၊ ကျမ်းကျေ၊ စာကျေ-၊ စိတ်ကျေ-၊ စိတ်မကျေပွဲ၊ ဆယ်လီကျေ-၊ ဇယားကျေ-၊ တာဝန်ကျေ၊ ဒဏ်ကျေဆေး၊ နောကျေ-၊ ပဲတင်းပဲကျေ၊ ပျက်ကျေ-၊ မင်းတိုင်းကျေလုပ်-၊ လောကွတ်ကျေ-၊ ဝတ်ကျေတမ်းကျေ၊ ဝတ်ကျေဝတ်ကုံ၊ သဘောတရားကျေညက်-၊ သေကျေ-၊ အခဲမကျေ၊ အသုံးလုံးကျေ-၊ ဥဒါန်းမကျေ၊ ကမ္ဘာမကျေ၊ အောက်သက်ကျေ-၊ ပွတ်ခုံပွတ်ကျေ။

အရစ် “ကြေ” သုံးဝေါဟာရများ-

ကောလီကြေ-၊ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ(ကမ္ဘာမကျေ)၊ ကြေ-(မုန့်မုန့်ညက်ညက် ဖြစ်-)၊ စိစိညက်ညက်ကြေ-၊ တွန့်ကြေ-၊ ထောင်းထောင်းကြေ-၊ ဖွတ်ဖွတ်ကြေ-၊ မွမွကြေ-၊ လေကြေဆေး-၊ သိသိကြေ-၊ အစာကြေညက်၊ အတွင်းကြေကြေ-။

ဖော်ပြပါ အပင့် “ကျေ”နှင့် အရစ် “ကြေ” ရေးထုံးအသုံးအနှုန်းနှစ်ရပ်တွင် အပင့် “ကျေ” သုံးဝေါဟာရအားလုံးသည် စိတ္တဇနာမ်တစ်ခုခု“ပျောက်ကွယ်” အဓိပ္ပာယ်များဖြစ်ကြသည်။ အရစ် “ကြေ” သုံးဝေါဟာရအားလုံးသည် ဝတ္ထုဒြပ်အကောင်အထည်၊ အစိုင်အခဲတစ်ခုခု မုန့်မုန့်ညက်ညက်ဖြစ်သည့် အဓိပ္ပာယ်ကို ဆောင်ကြပါသည်။

ဤသို့သော ကွဲပြားသော အဓိပ္ပာယ်ဆောင်ကြကြောင်း သာဓကအနည်းငယ်ထုတ်၍ ရှင်းပြလိုပါသည်။

ဒဏ်ကျေသည်၊ ဒဏ်ကျေဆေးတို့ကို အပင့် “ကျေ”ဖြင့် ရေးရပါသည်။ အဘယ်ကြောင့်ဆိုသော် ဒဏ်ဆိုသည်မှာ ကိုင်၍တွယ်၍ ရှုကြည့်၍မြင်ရသောအရာမဟုတ်ပေ။ ဒဏ်ကျေသည်ဆိုသည်မှာ ဖြစ်နေသော၊ ခံစားနေရသောဒဏ်ပျောက်ကွယ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ဒဏ်ကျေဆေးဆိုသည်မှာလည်း ဖြစ်နေသော၊ ခံစားနေရသောဒဏ် (ကိုင်တွယ်မရ၊ မမြင်ရ) ကို ပျောက်ကွယ်စေသောဆေးကို ဆိုလိုခြင်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

နေပြည်တော် မေ ၂၈

# နေပြည်တော်အလင်းစီမံချက်ဖြင့် မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိခွဲစိတ်ကုသ ဆောင်ရွက်ပေးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်/ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ နေပြည်တော်/ ခရိုင်/ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နေပြည်တော်အလင်းစီမံချက်ဖြင့် ပျဉ်းမနားမြို့နယ် ခုတင်-၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများ အခမဲ့မျက်စိခွဲစိတ်ကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် နေပြည်တော်တိုင်းပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက မျက်စိအထူးကုဆရာဝန်ကြီး အပါအဝင် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများ အခမဲ့မျက်စိခွဲစိတ်ကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လိုက်လံရှင်းလင်းပြသရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာများကို ဆေးမျက်မှန်များ တပ်ဆင်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက လာရောက်ဆေးကုသမှုခံယူသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ဆေးရုံအတွင်း မျက်စိကုသဆောင်တွင် ခွဲစိတ်ကုသမှုခံယူနေသည့်လူနာများ၊ ခွဲစိတ်ခန်းတွင် မျက်စိခွဲစိတ်ကုသ၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပျဉ်းမနားမြို့နယ် ခုတင်-၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် နေပြည်တော်အလင်းစီမံချက်ဖြင့် မျက်စိခွဲစိတ်ကုသရန် စာရင်းပေးထားသည့် ၂၇ ဦးအနက်မှ ခွဲစိတ်မည့် မျက်စိဝေဒနာရှင် ၁၁ ဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး အဆိုပါလူနာများကို နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

---

နေပြည်တော် မေ ၂၈

# ဟင်္သာတခရိုင်အတွင်းရှိ မိုးစပါးစိုက်တောင်သူများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အေးမြသာယာရပ်ကွက်သို့သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် မွမ်းမံစက်ချုပ်သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။



ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသူများကိုယ်တိုင်ဖွင့်လှစ်ထားသော အပ်ချုပ်ဆိုင်များကိုလိုက်လံကြည့်ရှုအားပေးပြီး မိသားစုဝင်ငွေတိုးရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဟင်္သာတမြို့ရှိ ဝန်ကြီးဌာနအောက် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဦးစီးဌာနအလိုက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ အမြန်စတင်အကောင်အထည်ဖော်ရေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ဟင်္သာတမြို့၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် ကျင်းပသော သမဝါယမလယ်ယာဝန်ဆောင်မှုသရုပ်ပြပွဲနှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ လာမည့်မိုးစပါးစိုက်ပျိုးရာသီ၌ အထွက်တိုးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများအတိုင်း လိုက်နာဆောင်ရွက်ကြရေးမှာကြားပြီး မိမိတို့ဝန်ကြီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးက သမဝါယမလယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုများနှင့် တောင်သူလယ်သမားများ အနေဖြင့် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်ခွင့်ရရှိရန် သမဝါယမဦးစီးဌာနက ကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ဟင်္သာတခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ခံက JICA Two Step Loan ဖြင့် ဆောင်ရွက်ပေးနေသော ချေးငွေဆိုင်ရာလုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဂျွန်ဒီးယားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဝန်ဆောင်မှုပေးနေသည့် လယ်ယာသုံးစက်ကိရိယာ အမျိုးအစားများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတို့က ဟင်္သာတခရိုင်အတွင်းရှိမိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပြီး လယ်ယာသုံးစက်ကိရိယာများဖြင့် လက်တွေ့သရုပ်ပြထွန်ယက်နေမှုကိုလည်းကောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီအသီးသီးတို့၏ စိုက်ပျိုးရေးသွင်းအားစုများ ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ရန်ကုန် မေ ၂၈

# သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် စုပေါင်းရပ်ကွက် ဝေဇယန္တာလမ်းနှင့်သစ်ယာပင်လမ်းထောင့်သို့သွားရောက်၍ သစ်ယာပင်လမ်း၏ တောင်ဘက်တွင် ရေစုကန်ရေမြောင်း မြေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုနှင့် ရေမြောင်းပေါင်ပေါ်တွင် သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ မြေယာရှုခင်းဆောင်ရွက်နေမှုတို့အားကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ဧရာဝဏ်လမ်းတွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ပိတောက်ရွှေဝါလမ်းနှင့် သာကေတအဝိုင်းအကြား လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းကျင်းပြီးစီးမှု၊ ယာဉ်ရပ်နားရန်နေရာတည်ဆောက်ပြီးစီးမှုနှင့် အုတ်ရေမြောင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းနှင့်ရေမြောင်းအကြားအား မြေညှိပြုပြင်၍ မြေယာရှုခင်းဆောင်ရွက်၍ မြက်စိုက်ရန်၊ Poulownia ပင်များစိုက်ပျိုးရန်၊ မီးကြိုးနှင့်မလွတ်ကင်းသည့်သစ်ကိုင်းများ ဖြတ်ညှိပုံသွင်းရန်တို့ကို မှာကြားပြီး ဧရာဝဏ်ရေပေးဝေရေးစခန်း (၂)အတွင်း မြေအောက်ရေစုကန်တည်ဆောက်နေမှုလုပ်ငန်းကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သန်လျင်တံတားချဉ်းကပ်လမ်းအား(သန်လျင်တံတားအဆင်းမှ ဧရာဝဏ်အဝိုင်းအထိ) ကွန်ကရစ်လမ်းသားတိုးချဲ့ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေးဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**



---

နေပြည်တော် မေ ၂၈

**မိုးထစ်ချုန်းရွာမည်**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (၅၀၀)

# မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်ကြေညာ

**ရန်ကုန်  မေ ၂၈**

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions)နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့တောင်သူလယ်သမားဘဝတိုးတက်မြင့်မားရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ မှုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး နိုင်ငံရေးပါတီများမှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ လုံးဝ(လုံးဝ) လက်မခံ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်ကို သဘောတူအတည်ပြု ထုတ်ပြန်ကြေညာခဲ့ကြသည်။

သတင်းစဉ်




မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု(Sanctions)နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

# နိုင်ငံရေးပါတီ( ၂၅ )ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

## နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏
## ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်
## ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၆ ) ရက်
## ၂၀၂၄ ခုနှစ်၊ မေလ ( ၂၈ ) ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်ခဲ့သော ပြည်တွင်းပဋိပက္ခများအား နိုင်ငံတော်အစိုးရ၊ တာဝန်ရှိအဖွဲ့အစည်းများနှင့် တည်ငြိမ်အေးချမ်းရေးကိုလိုလားသော တိုင်းရင်းသားပြည်သူများက ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် အစွန်းရောက် အတ္တနိုင်ငံရေးသမားများနှင့် ၎င်းတို့ဖန်တီးခဲ့သော အကြမ်းဖက်အုပ်စုများကြောင့် အပြစ်မဲ့ပြည်သူအများအပြား သတ်ဖြတ်ခံရခြင်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်း၊ ပြည်သူလူထု၏အခွန်ဘဏ္ဍာငွေများဖြင့် အချိန်ကြာမြင့်စွာ တည်ဆောက်ထားခဲ့ရသော လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အဦများ ပျက်ယွင်းခဲ့ရခြင်း၊ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝများ ဖျက်ဆီးခံရခြင်း စသည့်ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့ရပါသည်။

၃။ အထက်ပါဖြစ်စဉ်များ၏ အကျိုးဆက်အဖြစ် အခြေခံလူနေမှုဘဝများ ကျပ်တည်းလာရခြင်း၊ ထိုကျပ်တည်းမှု၏ နောက်ဆက်တွဲအဖြစ် လုယက်မှု၊ ပြန်ပေးမှု၊ မီးရှို့ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှု၊ အဓမ္မမှုများအပါအဝင် ရာဇဝတ်မှုခင်းများလည်း ပိုမိုအရှိန်မြင့်လာသည်ဟု သုံးသပ်ရမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းပဋိပက္ခအား ပြည်တွင်းအင်အားဖြင့် အထူးအလေးထား ဖြေရှင်းဆောင်ရွက်နေချိန်မှာပင် အင်အားကြီးနိုင်ငံအချို့နှင့် ကမ္ဘာ့အဖွဲ့အစည်းအချို့တို့က ကမ္ဘာ့မိသားစုဝင်နိုင်ငံအချင်းချင်း လူသားအချင်းချင်း စာနာမှု၊ အပြုသဘောဆောင်သော ချဉ်းကပ်လေ့လာကူညီမှု၊ နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးမှု စသည့် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းတာဝန်များအစား ခေတ်အဆက်ဆက် အောင်မြင်မှုမရှိခဲ့သော ခေတ်သစ်ကိုလိုနီဝါဒ၏ ကျင့်စဉ်တစ်ရပ်ဟုဆိုနိုင်သည့် လိုလားသူတစ်ဖက်ဖက်သို့ တိုက်ရိုက် / သွယ်ဝိုက် နည်းလမ်းများဖြင့် အားပေးအားမြှောက်ပြုခြင်း၊ အခြားတစ်ဖက်သို့ နိုင်ငံရေး/စီးပွားရေးအရ အကျပ်အတည်းဖြစ်စေပြီး လိုသလိုဆွဲယူပုံဖော်စေခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပိတ်ဆို့တားဆီးမှု (Sanctions)များအား နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြု၍ ဆောင်ရွက်လာခဲ့ကြပါသည်။

၅။ မြန်မာနိုင်ငံအပေါ်သို့ ( ၁၁-၂-၂၀၂၁ ) ရက်နေ့မှ ( ၃၀-၁-၂၀၂၄ ) ရက်နေ့အထိ ချမှတ်ခဲ့သော ပိတ်ဆို့တားဆီးမှုများအား လေ့လာရာတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ပိတ်ပင်ခြင်း၊ အစိုးရနှင့် ထောက်ပံ့ဆက်သွယ်မှုများကို ဖြတ်တောက်ခြင်း၊ လူမှုစီးပွားဘဝဆိုင်ရာ လုပ်ငန်းစဉ်များကို ပိတ်ဆို့ခြင်း၊ ငွေလွှဲပြောင်းမှုများအား တားမြစ်ပိတ်ပင်ခြင်း၊ ကုန်ပစ္စည်းတင်ပို့မှုများအား ကန့်သတ်တားမြစ်ခြင်း၊ ခရီးသွားလာခွင့်များ ပိတ်ပင်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံ ဆောင်ရွက်နေရမည့်ကိစ္စများအား ဆိုင်းငံ့ထားခြင်း၊ အထီးကျန်ဖြစ်စေခြင်း၊ ကမ္ဘာ့အဖွဲ့အစည်းများတွင် မဲပေးခွင့်မရှိအောင် ပိတ်ပင်တားမြစ်ခြင်း၊ ကမ္ဘာ့မူပိုင်ခွင့်အစည်းအဝေးမှန်သမျှ တက်ရောက်ခွင့်ပိတ်ပင်ခြင်း စသည့် များစွာသောပိတ်ဆို့မှုများအား အချိန်ကိုက် အရှိန်မြှင့်ဆောင်ရွက်မှုများ ပါဝင်လာကြောင်း တွေ့ရပါသည်။

၆။ အထက်အပိုဒ်ပါ ပိတ်ဆို့မှုများသည် နိုင်ငံတစ်နိုင်ငံကို ရွေးထုတ်ဖိအားပေးခြင်း၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှု၊ ပြည်သူတစ်ရပ်လုံး အနာဂတ်ဘဝ ငြိမ်းချမ်းသာယာစေမှု စသည့်အချက်တို့အား ရည်ရွယ်ချက်ရှိရှိ ကန့်သတ်တားမြစ်ခြင်း၊ ဘက်လိုက်ဆောင်ရွက်ခြင်းတို့ကို ဖြစ်ပေါ်စေပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း Article (7)ပါ "တန်းတူကာကွယ်စောင့်ရှောက်မှုအစား ခွဲခြားဆက်ဆံခြင်း၊ ထိုသို့ခွဲခြားဆက်ဆံရန် လှုံ့ဆော်ခြင်းနှင့် တူညီသောကာကွယ်စောင့်ရှောက်မှုကို ခံစားစေရမည်" စသည့် ကြေညာချက်စာတမ်းပါ အချက်များအား အတိအလင်းဖောက်ဖျက်ကျူးလွန်နေကြောင်း တွေ့ရှိရပါသည်။

၇။ ၎င်းအပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်း စည်းမျဉ်း Article (2)အပိုဒ်(၁)ပါ "အဖွဲ့ဝင်အားလုံး၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို အခြေခံထားသည်" ဟူသော မူကိုလည်းကောင်း၊ Article (4)ပါ "နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံရေးလွတ်လပ်မှုကို ဆန့်ကျင်သည့် ခြိမ်းခြောက်မှု(သို့မဟုတ်) အင်အားအသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်" ဟူသော မူကိုလည်းကောင်း ဥပေက္ခာပြု ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း သုံးသပ်ရရှိပါသည်။

၈။ အရေးယူပိတ်ဆို့မှုများသည် နိုင်ငံတော်အစိုးရအပေါ် ဦးတည်ဒဏ်ခတ် အရေးယူပိတ်ဆို့သည်ဟု အကြောင်းပြပြောဆိုနေသော်လည်း ပကတိအခြေအနေမှာ ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ် ထိခိုက်နစ်နာစေပြီး ဒုက္ခသံသရာအတွင်းသို့ အတင်းအဓမ္မတွန်းပို့နေသည့် လုပ်ရပ်များသာဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် ထိုလုပ်ရပ်သည် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်နေသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နှောင့်နှေးရပ်တန့်စေခြင်းနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေး အခင်းအကျင်းကို ပျက်စီးစေခြင်း စသည့်ဖြစ်ရပ်များကိုသာ ပေါ်ပေါက်လာစေမည်ဖြစ်ပါသည်။

၉။ သို့ပါ၍ နိုင်ငံအပေါ်ချမှတ်ထားသော ပိတ်ဆို့မှု (Sanctions)များအား အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးကြရန်၊ ကမ္ဘာ့နိုင်ငံများကလည်း အကျိုးသက်ရောက်မှုအခြေအနေမှန်ကို မူတည်စဉ်းစား၍ ဝိုင်းဝန်းကူညီပေးကြရန် တောင်းဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions) လုပ်ရပ်များအား ကျွန်ုပ်တို့ နိုင်ငံရေးပါတီများအားလုံးက လုံးဝ(လုံးဝ) လက်မခံ ဆန့်ကျင်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးသိန်းထွန်း | ဒုတိယဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးစောခွန်ကျော်ဝင်း | အတွင်းရေးမှူး(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | |
| ၇။ | ဦးလီပေါ်ရဲ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |

စာမျက်နှာ ၁၂ သို့ ○

○ စာမျက်နှာ ၁၁ မှ အဆက်

| စဉ် အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|
| ၈။ ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ ဦးစိုင်းအောင်မြင့်ခိုင် | တွဲဖက် အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ် ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ ဦးတင့်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ ဒေါ်သန္တာဝင်း | အတွင်းရေးမှူး | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ ဦးမောင်မောင်သန့်ဇော် | ဒုတိယဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၉။ ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၀။ ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ ဒေါ်တင်နွယ်ဦး | ဗဟို အလုပ်အမှုဆောင် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | |
| ၂၂။ ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၄။ ဦးမောင်အေး | ဗဟို အလုပ်အမှုဆောင် | လူထုပါတီ | |
| ၂၅။ ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မှန်တိုးတက်ရေးပါတီ | |

# ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါးအား မြန်မာသံရုံးက ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၈**

၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါးအား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း အဆိုပါသံရုံးမှ အသိပေးထုတ်ပြန်ထားသည်။



## ဆက်ကပ်ပူဇော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့သည့် ဂျပန်နိုင်ငံ ဟော်ကိုပြည်နယ် ကာတိုမြို့ရှိ Nenbutsushu Sampozan Muryojuji Temple ၏ Chief High Priest နှင့် President of Buddhist Summit ၏ ဆရာတော် Most Ven. Dr. Shinkai KORI နှင့် ဂျပန်နိုင်ငံ ခိတကျူးရှူးမြို့ မိုဂျီကမ္ဘာအေးစေတီကျောင်း၊ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်မှ ဘဒ္ဒန္တပဏ္ဍိတတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း အခမ်းအနားကို မေ ၂၅ ရက်တွင် တိုကျိုမြို့ မြန်မာသံရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ သံအမတ်ကြီး ဦးစိုးဟန်နှင့်ဇနီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်ထွန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာဒါယကာ ဒါယိကာမများ၊ ဂျပန်နိုင်ငံမှ ထေရဝါဒဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများ၊ World Buddhist Supreme Conference , Nenbutsushu Sampozan Muryojuji Temple နှင့် ဂျော့ရှင်းအန်း ဝိပဿနာတရားရိပ်သာမှ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဧည့်ပရိသတ်များနှင့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် မြန်မာအစိုးရပညာတော်သင်များ တက်ရောက်ကြကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင်ပါရှိသည်။ အခမ်းအနားတွင် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဖတ်ခြင်းနှင့် ဂျပန်ဆရာတော်များက ဘုရားဂုဏ်တော်များ ရွတ်ဖတ်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြပြီး ဂျပန်နိုင်ငံ အိဘိဂျီမရပ်ကွက် ဟိုခိုတမြို့ ထေရဝါဒဓမ္မစာရီ မြန်မာကျောင်းတိုက် ဂျော့ရှင်းအန်း ဝိပဿနာတရားရိပ်သာမှ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏုတ္တရထံမှ သီလခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် သံအမတ်ကြီး ဦးစိုးဟန်က ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့် အပ်နှင်းခံရသည့် ဂျပန်နိုင်ငံမှ ပြည်ပဘွဲ့ခံဆရာတော်ကြီးနှစ်ပါးအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဝမ်းမြောက်ဂုဏ်ပြု လျှောက်ထားပြီး ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဆရာတော် Most Ven. Dr. Shinkai KORI နှင့် အဘိဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းခံရသည့် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်ခဲ့သည်။

## ဝမ်းမြောက်စကားမိန့်ကြား

ဆက်လက်၍ ဂျပန်နိုင်ငံမှ Nenbutsushu Sampozan Muryojuji Temple ၏ Chief High Priest နှင့် President of Buddhist Summit ၏ ဆရာတော် Most Ven. Dr. Shinkai KORI နှင့် ဂျပန်နိုင်ငံ ခိတကျူးရှူးမြို့ မိုဂျီကမ္ဘာအေးစေတီကျောင်း မြန်မာဘုန်းတော်ကြီးကျောင်းတိုက်မှ ဘဒ္ဒန္တပဏ္ဍိတတို့က ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရခြင်းအတွက် ဝမ်းမြောက်စကား မိန့်ကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဧည့်ပရိသတ်များက ဂုဏ်ပြုခံ ဆရာတော်ကြီးနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**MT – ASH**

၂၈-၅-၂၀၂၄

**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကော့သောင်း | ၃၇ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် | ဇောင်းတူ | ၃၅ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၆ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| (လွန်ကျော်) | | | | ညောင်ဦး | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | တံတားဦး | ၃၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| မြိတ် | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | ပခုက္ကူ | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | | | |

# ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှု စိုက်ပျိုးထုတ်လုပ်မှုနှင့် မြန်မာ့ဝါဂွမ်းသမိုင်းအကျဉ်းချုပ်

ဒေါက်တာချစ်

## ဝါဂွမ်းသုံးစွဲမှု

ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှုသည် တိုးတက်များပြားလာသည်။ တိုးတက်မှုနှုန်းသာလျှင် ပုံမှန်မဟုတ်ချေ။ ဝါဂွမ်းသုံးစွဲမှုပမာဏသည် ဒေသအလိုက်ခြားနားသည်။ တရုတ်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ ပါကစ္စတန်နှင့် တူရကီနိုင်ငံတို့သည် ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှုပမာဏ၏ ၆၆ ရာခိုင်နှုန်းခန့်ကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် သုံးစွဲခဲ့သည်။ ဒေသအလိုက် ဝါဂွမ်းသုံးစွဲမှုပမာဏ အတိုးအလျော့သည် ချည်မျှင်တု ဈေးနှုန်းဖြင့် ပြိုင်ဆိုင်ရခြင်း၊ ကမ္ဘာ့စီးပွားရေး၊ အထည်ရက်လုပ်မှုနှင့် ရောင်းချမှုဆိုင်ရာ မူဝါဒစသည်တို့အပေါ်တွင် တည်နေသည်။

ဝါဂွမ်းကို ၁၇၈၃ ခုနှစ်တွင် အထည်ရက်လုပ်ရာတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းသာသုံးစွဲခဲ့ပြီး သိုးမွေး ၇၇ ရာခိုင်နှုန်းနှင့် လျှော် ၁၈ ဒသမ ၅ ရာခိုင်နှုန်းသုံးစွဲခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် ဝါဂွမ်းကို ၇၃ ရာခိုင်နှုန်းသုံးစွဲပြီး သိုးမွေး ၂၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် လျှော် ၆ ဒသမ ၅ ရာခိုင်နှုန်းသုံးစွဲခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ရောက်သောအခါ ဝါဂွမ်းကို ၈၄ ရာခိုင်နှုန်း၊ သိုးမွေး ၁၂ ရာခိုင်နှုန်းနှင့် လျှော် ၄ ရာခိုင်နှုန်း သုံးစွဲခဲ့သည်။ ဝါဂွမ်းသည် အဝတ်အထည်လုပ်ငန်းတွင် အဓိကကုန်ကြမ်းဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ပေါ်ပေါက်လာသော ချည်မျှင်တု၊ ရေယွန်၊ နိုင်လွန်တို့နှင့် ဝါဂွမ်းချည်သည် ယှဉ်ပြိုင်လာခဲ့ရာ ၁၉၇၀ ပြည့်နှစ်မှစ၍ ချည်မျှင်တုများ၏ ဈေးနှုန်းချိုသာလာသောကြောင့် ဝါချည်ကိုသုံးစွဲမှုမှာ တဖြည်းဖြည်းလျော့နည်းလာသည်။ ဤသို့ဖြင့် အဝတ်အထည်ရက်လုပ်ငန်းတွင် ဝါချည်ကိုသုံးစွဲမှုမှာ ၁၉၈၆ ခုနှစ်တွင် ၄၅ ဒသမ ၅၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၁ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်း၊ ၁၉၉၆ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် ၄၁ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်တွင် ၄၀ ဒသမ ၉ရာခိုင်နှုန်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် ၄၀ ဒသမ ၇ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းကျဆင်းလာသည်။ ယခုခေတ်တွင် ဝါဂွမ်းချည်သည် ဈေးနှုန်းသက်သာလာသော ပိုလီယက်စတာချည်မျှင်တုနှင့် ယှဉ်ပြိုင်နေရသည်။ ဈေးနှုန်းသာမက အထည်အလိပ်ကူးသန်းရောင်းဝယ်မှု မူဝါဒ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများထူထောင်မှု၊ လူတို့၏ဝတ်ဆင်မှုပုံစံ (အသင့်ချုပ်ပြီးအထည်များ၊ ဖိုးရိုးဖားရားအထည်များ လူကြိုက်များလာမှု)ပြောင်းလဲလာမှု စသည်တို့ကြောင့်ပါ ဝါချည်သုံးစွဲမှုလျော့နည်းလာရသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌မူ လူတို့သည် ဝါချည်ထည်ကို အထူးနှစ်သက်လာကြသည်။ ထို့ကြောင့် ၂၀၁၀ ပြည့်နှစ်အထိ ဝါဂွမ်းသုံးစွဲမှုသည် တစ်ရာခိုင်နှုန်း တိုးတက်နေပြီး အထည်အလိပ်လုပ်ငန်းအတွက် ဝါချည်သည် ၃၇ ရာခိုင်နှုန်းခန့် ပါဝင်နေမည်ဟု ခန့်မှန်းကြသည်။

**ကမ္ဘာတွင် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်သော နိုင်ငံကထွက်သမျှကို ပြည်တွင်း၌ ကုန်အောင်မသုံးစွဲနိုင်သကဲ့သို့ ဝါဂွမ်းသုံးစွဲနေရသော နိုင်ငံကလည်း မိမိပြည်တွင်း၌ ဝါဂွမ်းကိုစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိကြချေ။ ထို့ကြောင့် ဝါဂွမ်းကူးသန်းရောင်းဝယ်မှုသည် အထူးအရေးကြီးသည်။ ကမ္ဘာ့ဝါဂွမ်းပမာဏ၏ ၃၀ ရာခိုင်နှုန်းခန့်သည် နယ်ကျော်၍ကူးသန်းရောင်းဝယ်ကြသည်။ ထိုပမာဏသည် ဂျုံ၊ ပြောင်းဖူး၊ ပဲပုပ်စေ့၊ ဆန်စပါးသီးနှံတို့ထက်များပြားသည်။**

## ကမ္ဘာ့ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်မှု

ဝါစိုက်ပျိုးသောဧရိယာသည် အကြောင်းအမျိုးမျိုးကြောင့် အတိုးအလျော့ရှိခဲ့သည်။ သို့ရာတွင် လွန်ခဲ့သော ၈၈ နှစ်အတွင်း အနည်းဆုံးဧက ၆၃ သန်းမှ အများဆုံး ဧက ၈၉ သန်းအတွင်း စိုက်ပျိုးခဲ့သည်။ တစ်ဧကအထွက်နှုန်းသည် ၁၅၅ ပိဿာမှ ၄၄၅ ပိဿာအထိ တိုးတက်လာသည်။ အထွက်နှုန်းတိုးတက်လာမှုနှင့် ဧရိယာတိုးတက်လာမှုတို့ကြောင့် ကမ္ဘာ့စုစုပေါင်း ဂွမ်းအထွက်နှုန်းသည်လည်း ၅၀၂၅ တန်မှ ၁၈၈၈၇ တန်သို့ တိုး၍လာကြောင်းတွေ့ရသည်။ အထွက်နှုန်းသည် အဓိကအားဖြင့် နည်းပညာနှင့် သွင်းအားစုသုံးစွဲနိုင်မှုကြောင့်ဖြစ်သည်။

ဝါစိုက်ပျိုးမှုသည် ဒေသအလိုက်အတိုးအလျော့များရှိသည်။ သိသာစွာတိုးချဲ့စိုက်ပျိုးသောနိုင်ငံများမှာ အာဖရိကအနောက်ခြမ်းမှပြင်သစ်စကားပြောသော နိုင်ငံများ ဘီနင်၊ ချက်ဒ်၊ မာလီ၊ တိုဂို၊ ဘာကီနာဖာဆို၊ ကုတ်ဒီအိုင်ဗိုရီ၊ ဥရောပသမဂ္ဂမှ ဂရိနှင့် စပိန်၊ အရှေ့အာရှမှ ဩစတြေးလျ၊ တောင်အာရှမှ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ ပါကစ္စတန် ၊ အရှေ့အလယ်ပိုင်းမှ အီရန်၊ ဆီးရီးယားတို့ဖြစ်ကြသည်။ တစ်ဖန် သိသာစွာလျော့နည်းစိုက်ပျိုးလာသောဒေသများမှာ ဥရောပတိုက်အလယ်ပိုင်းနိုင်ငံများ၊ တရုတ်နိုင်ငံ၊ အာဖရိကတိုက်မြောက်ပိုင်းနိုင်ငံများ၊ ယခင်ဆိုဗီယက်ပြည်ထောင်စုနိုင်ငံများ၊ အမေရိကတိုက်တောင်ပိုင်းနိုင်ငံများ၊ အမေရိကတိုက်မြောက်ပိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ အဓိကလျော့နည်းစိုက်ပျိုးသောနိုင်ငံများမှာ တရုတ်၊ ဘရာဇီး၊ မက္ကဆီကို၊ အီဂျစ်၊ ကိုလံဘီယာ၊ ဆူဒန်၊ နိုင်ဂျီးရီးယား၊ တန်ဇန်နီးယားနှင့် အစ္စရေးတို့ ဖြစ်ကြသည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အနှစ် ၂၀ အတွင်း စိုက်ဧရိယာ ၃ ဒသမ ၅၃ ရာခိုင်နှုန်း လျော့နည်းသွားသည်။

၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် စိုက်ပျိုးဧရိယာအများဆုံးဧက ၂၉ ဒသမ ၈ သန်း စိုက်ပျိုးသောဒေသမှာ တောင်အာရှဒေသဖြစ်ပြီး တစ်ဧကဝါထွက်အများဆုံး ၁၀၅၉ ပိဿာဖြစ်သော ဒေသမှာ အရှေ့အာရှဖြစ်သည်။ တစ်ဧကဝါထွက်နှုန်း အများဆုံး ၁၂၆၆ ပိဿာ (ဂွမ်း ၁၆၆၅ ကီလို)ဟက်တာဖြစ်သော နိုင်ငံမှာ ဩစတြေးလျဖြစ်ပြီး ဒုတိယအများဆုံး ၁၂၃၅ ပိဿာ (ဂွမ်း ၁၆၂၄ ကီလိုဟက်တာ) ဖြစ်သောနိုင်ငံမှာ အစ္စရေးဖြစ်သည်။ စုစုပေါင်း ဂွမ်းထွက်တန်ချိန်အများဆုံး ၃ ဒသမ ၈ သန်း ထွက်ရှိသောနိုင်ငံမှာ တရုတ်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် ၃ ဒသမ ၇ သန်း၊ အိန္ဒိယနိုင်ငံသည် ၂ ဒသမ ၇ သန်း၊ ပါကစ္စတန်သည် ၁ ဒသမ ၈ သန်း၊ ဥဇဘက်ကစ္စတန်သည် ၁ ဒသမ ၂ သန်း၊ တူရကီသည် သုည ဒသမ ၈ သန်း၊ ဩစတြေးလျနိုင်ငံသည် သုည ဒသမ ၇ သန်း၊ ဘရာဇီးသည် သုည ဒသမ ၆ သန်း အသီးသီး ဝါဂွမ်းထုတ်လုပ်ကြသည်။ တရုတ်၊ အမေရိကန်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်ငါးနိုင်ငံ၏ ထုတ်လုပ်မှုပမာဏသည် ကမ္ဘာ့ဝါဂွမ်းထုတ်လုပ်မှုပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။

## မြန်မာ့ဝါဂွမ်းသမိုင်းအကျဉ်းချုပ်

ဝါဝေါဟာရ။ ဝါ ဟူသော ဝေါဟာရသည် တိဗက်ဘာသာ "ဗလ်"မှ ဆင်းသက်လာသည်ဟုဆိုသည်။ တိဗက်ဘာသာ "ဗလ်" သည် "သိုးမွေး" ဖြစ်သည်။ မြတောင်ဆရာတော်က ပညတ် နက်ကျမ်း (စာ-၃၁၉)တွင် ဝါပင်ကို ပါဠိအလိုအရ "ဝဿ" ဟု ဖွင့်ဆိုသည်။ ဝဿမှ "ဝါ" ဖြစ်လာသည်ဟု ဆိုသည်။ မဟာဇေယသင်္ခယာဘွဲ့ခံ လေ့သင်းအတွင်းဝန်၏ ဝေါဟာရလီနတ္ထဒီပနီကျမ်း (စာမျက်နှာ-၁၆၂)တွင် ဝဒရ သဒ္ဒါတွင် ဒ၊ ရ နှစ်လုံးကျေ၍ အရင်းအက္ခရာ "ဝ" တစ်လုံးကိုယူ၍ "ဝါ" ဟု ခေါ်ဝေါ်ကြောင်း၊ သဒ္ဒါသည် မြဲခြင်း၊ ခိုင်ခံ့ခြင်း အနက်ပေးကြောင်း ဖော်ပြထားသည်။

## မြန်မာ့ဝါအစ

သက္ကရာဇ် ၈၄၄-၈၄၈ ခုနှစ်တွင် ဘာဆရာမှ ပါရှားခရီးသွားသူ (Ibn/ Khordazbeh)၏မှတ်တမ်းတွင် တရုတ်ဘုရားဖူးခရီးသည်များ၏ ပြောပြချက်အရ "အောက်မြန်မာနိုင်ငံ ရာမဘုရင်မင်းတွင် ဆင်ကောင်ရေ ငါးသောင်းရှိကြောင်း၊ သူတို့တိုင်းပြည်က ကတ္တီပါကဲ့သို့ နူးညံ့သောဝါချည်ဖြင့် ရက်လုပ်သည့် အထည်အလိပ်ထွက်ရှိကြောင်း၊ ဟင်ဒီဟုခေါ်သော အကျော်ပင် (Aloe wood of sort Hindi) ထွက်ကြောင်း သိရသည်ဟု ဖော်ပြထားသည်။

၉ ရာစုနှစ် မတိုင်မီ (ပျူခေတ်)တွင် ဝါဂွမ်းကို သုံးစွဲနေကြောင်း၊ ဝါမျိုးကို အိန္ဒိယမှ တင်သွင်းဟန်ရှိကြောင်း၊ တရုတ်ပြည်တောင်ပိုင်း၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သို့ ကူးသန်းရောင်းဝယ်သော တောင်ပိုင်းလမ်းကြောင်းမှ ဝင်လာခြင်းဖြစ်ကြောင်း စသည်ဖြင့် ဂစ်လ်ဟန် (Gillhametal. 1995) က ဆိုသည်။ ထိုသို့ဝင်လာသောဝါမျိုးမှာ ဂေါ့စီပီယံ အာဘိုးရီးယံမျိုး (ဝါကြီး၊ ဝါလေးမျိုး)ဖြစ်သည်။

**ပျူခေတ်မှဟန်လင်းကို တူးဖော်ရာတွင် ဓားမြှောင်အသွားနှင့်ကပ်နေသော အဝတ်စကိုတွေ့ရသည်။ ထိုတွေ့ရှိချက်ကို တန်သမိုင်းဟောင်းက ထောက်ခံရာကျသည်။ တန်သမိုင်းဟောင်း (Old Tang History) တွင်လည်း "ပျူခေတ်တွင် ခါးကိုပတ်၍ ဝတ်သော အဝတ်အထည်သည် ဝါဂွမ်းဖြင့်လုပ်ထားကြောင်း" ဖော်ပြထားသည်။ ဖော်ပြပါအကြောင်းချက်များကို အက်စ်ဖရေဇာ-လူး (Sylviva Farazer Lu)ဆိုသူက မြန်မာလက်မှုပညာပစ္စည်းစာအုပ်တွင် ဖော်ပြထားသည်။**

ဂျီ အီး၊ ဟာဗေးရေးသားသော မြန်မာ့သမိုင်းတွင် မြန်မာ့အဝတ်အထည်အကြောင်းကို ဤသို့ဖော်ပြထားသည်။ "အခြားမည်သည့်နေရာတွင်မှ မတွေ့ဖူးသော အထည်စ (Cloth)ကို တွေ့ရသည်။ ထိုအထည်စဖြင့်ချုပ်လုပ်သော အဝတ်အထည် (Dress)သည် အလွန်ပါးလွှာပြီး ပေါ့ပါးသဖြင့် ချိတ်တံဆိပ်ရိုက်နှိပ်သောကွင်း (Signet-ring) ထဲသို့ပင်ဖြတ်သွားနိုင်သည်။ ထိုအထည်ကိုဝါဂွမ်းဖြင့် ပြုလုပ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင်နမူနာကို မြင်တွေ့ခဲ့ရသည်"။

ခရစ်သက္ကရာဇ် ၁၀၈၄-၁၁၁၂ ခုနှစ်တွင် စိုးစံခဲ့သော ကျန်စစ်သားမင်းလက်ထက်တွင်ဝါဂွမ်းစိုက်ပျိုးမှုနှင့် ဝါဂွမ်းသုံးစွဲမှုတို့သည် ပိုမိုထွန်းကားလာခြင်းဖြစ်မည်ဟုယူဆနိုင်သည်။ ယဉ်ကျေးမှုထွန်းကားလာချိန်မှစ၍ အိမ်တိုင်း၌လိုပင် ဝါပင်နှင့်အတူ ဝါချည်ကို ဆေးဆိုးနိုင်ရန် မဲပင်၊ နီပါးဆေးပင်၊ သီတင်းပင်များကိုပါ စိုက်ပျိုးကြသည်။ အမျိုးသမီးများသည် ဝါကြိတ်ခြင်း

စာမျက်နှာ ၁၄ သို့ ➤



**သမိုင်းအထောက်အထားအရသာ ဝါဂွမ်းစိုက်ပျိုးမှုနှင့်သုံးစွဲမှုတို့ကို ပျူခေတ်မှစခဲ့သည်ဟု ဆိုရပေသည်။ ထိုအချိန်တွင် အိန္ဒိယ၌ ဝါဂွမ်းသုံးစွဲမှုတိုးတက်နေပြီဖြစ်သည်။ ဤသို့ဆိုလျှင်ကူးသန်းရောင်းဝယ်မှုရှိနေသော အိန္ဒိယမှမြန်မာသို့ နှစ်ပေါင်း ၅၀၀-၁၀၀၀ ကျော် နောက်ကျပြီးမှ အာဘိုးရီးယံဝါမျိုးစေ့နှင့် အထည်ရက်လုပ်မှုပညာ ရောက်လာရသလော၊ ထို့ထက်စော၍ ရောက်ခဲ့ဖူးသလော သို့မဟုတ် မိမိမြန်မာပိုင်မျိုးနှင့် နည်းပညာရှိပြီးဖြစ်၍ မရောက်ခဲ့လေသလော စသည်များသည် တွေးတောစရာဖြစ်နေသည်။ ဂေါ့စီပီယံအာဘိုးရီးယံမျိုးမဟုတ်သော ဝါရိုင်းမျိုး (Tree Cotton)သည် မြန်မာနိုင်ငံတွင် ရှိနေခဲ့သည်။ လက်ပံပင်မှ လဲကိုလည်းကောင်း၊ သစ်ခေါက်လျှော် (ဂုန်လျှော်၊ ပိုက်ဆန်လျှော်စသည်)ကိုလည်းကောင်း၊ အထည်ရက်လုပ်ရာတွင်အသုံးပြုခဲ့ပါက ဝါရိုင်းပင်မှဝါကို ရှေးမြန်မာများအလွယ်တကူရသဖြင့် သုံးစွဲမည်ဟုယူဆနိုင်သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ဝါဂွမ်းစိုက်ပျိုးမှုနှင့် ချည်ထည်ရက်လုပ်မှုသည်. . .**

➤ စာမျက်နှာ ၁၃ မှအဆက်

(ဝါပေါက်မှဝါစေ့နှင့် ဂွမ်းကိုခွဲထုတ်ခြင်း)၊ ဝါဖန်ခြင်း (ဂွမ်းကိုပွလာအောင် လေးကြိုးကိုလက်တောက်ဖြင့် ဆွဲခြင်း)၊ ဗိုင်းတောင့်လိပ်ခြင်း(ချည်ငင်ရာတွင် လက်ဖြင့် ကိုင်၍ကောင်းစေရန် အလိပ်ကလေးများ လိပ်ခြင်း)၊ ဗိုင်းငင်ခြင်း(ဗိုင်းတောင့်မှအမျှင်ကလေးများ ဖြစ်လာအောင် ရစ်ဖြင့်ဆွဲခြင်း)၊ ချည်ချခြင်း (ဗိုင်းငင်ပြီးရသော ချည်ပင်ကို ချည်ခင်ဖြစ်အောင် ရဟတ်ဖြင့်ရစ်ခြင်း)၊ ဆေးဆိုးခြင်း(အရောင်ရအောင် ဆေးဆိုးခြင်း)၊ ရက်ကန်းရှည်ခြင်း(ရက်ကန်းစင်၏ အကျယ်အရ လိုအပ်သော ချည်မျှင်အရေအတွက် ရရှိရန်နှင့် အလျားလိုက်ဖြစ်စေလိုသော အဆင် ဒီဇိုင်းရစေရန်စီစဉ်ခြင်း)၊ ရက်ကန်းရက်ခြင်း (ချည်မျှင်ကို အထည်ဖြစ်အောင်ရက်ခြင်း)စသော ချည်ထည်လုပ်ငန်းအဆင့်ဆင့်ကို လုပ်ကိုင်လေ့ရှိကြသည်။ ထိုလုပ်ငန်းအဆင့်ဆင့်ကို အပျိုပေါက် အရွယ် ၁၃ နှစ်ခန့်မှ အပျိုကြီး သို့မဟုတ် အိမ်ထောင်ပြုချိန် အသက် ၂၀-၂၅ နှစ်ခန့် အရွယ်ရောက်မှ ကျွမ်းကျင်တတ်မြောက်ကြသည်။ ထို့ကြောင့် မိန်းမများ ရက်ကန်းမတတ်လျှင် အကျိုးနှင့်တူသည်။ ယောက်ျားများ စာမတတ်လျှင် အကန်းနှင့်တူသည် ဟု အဆိုရှိခဲ့သည်။

**ပျူခေတ် အေဒီ ၉၀၀ မှ ကုန်းဘောင်ခေတ်အကုန် ၁၈၈၆ အထိ ဝါစိုက်ပျိုးမှုနှင့် ဝါချည်ထည်သုံးစွဲမှုတို့သည် တဖြည်းဖြည်းကျယ်ပြန့်လာဟန်ရှိသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ပို့ကုန်မှာ အဓိကအားဖြင့် ဝါဂွမ်းဖြစ်ခဲ့သည်။ ဝါဂွမ်းပို့ကုန်မှ အကျိုးအမြတ်များစွာရရှိသော ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်ကုန်သည်များသည် ကုန်သွယ်ရေးရုံးဖွင့်လှစ်ခွင့်ရရှိရေးအတွက် အပြိုင်အဆိုင်ကြိုးစားခဲ့ကြသည်။ မင်းတုန်းမင်းလက်ထက်တွင် ဝါဂွမ်းကူးသန်းရောင်းဝယ်မှုအထူးရှင်သန်ခဲ့သည်။ မင်းတုန်းမင်းသည် ဝါကို တော်ဝင်သီးနှံ (Royal Crop)အဖြစ် ကြေညာပြီး တစ်ဦးတည်းချုပ်ကိုင်သောစနစ် (Monopoly)ကို ကျင့်သုံးခဲ့သည်။ ထိုကာလတွင် အထက်မြန်မာနိုင်ငံမှ ဝါဂွမ်းပိဿာ ၇၇ သိန်း ထွက်ရှိပြီး ယူနန်သို့ ၂၀ မှ ၅၇ သိန်းအထိ တင်ပို့နိုင်ခဲ့သည်ဟုဆိုသည်။**

သမိုင်းအထောက်အထားအရသာ ဝါဂွမ်းစိုက်ပျိုးမှုနှင့် သုံးစွဲမှုတို့ကို ပျူခေတ်မှစခဲ့သည်ဟု ဆိုရပေသည်။ ထိုအချိန်တွင် အိန္ဒိယ၌ ဝါဂွမ်းသုံးစွဲမှုတိုးတက်နေပြီဖြစ်သည်။ ဤသို့ဆိုလျှင်ကူးသန်းရောင်းဝယ်မှုရှိနေသော အိန္ဒိယမှမြန်မာသို့ နှစ်ပေါင်း ၅၀၀-၁၀၀၀ ကျော် နောက်ကျပြီးမှ အာဘိုးရီးယံဝါမျိုးစေ့နှင့် အထည်ရက်လုပ်မှုပညာ ရောက်လာရသလော၊ ထို့ထက်စော၍ ရောက်ခဲ့ဖူးသလော သို့မဟုတ် မိမိမြန်မာပိုင်မျိုးနှင့် နည်းပညာရှိပြီးဖြစ်၍ မရောက်ခဲ့လေသလော စသည်များသည် တွေးတောစရာဖြစ်နေသည်။ ဂေါ့စီပီယံအာဘိုးရီးယံမျိုးမဟုတ်သော ဝါရိုင်းမျိုး (Tree Cotton)သည် မြန်မာနိုင်ငံတွင် ရှိနေခဲ့သည်။ လက်ပံပင်မှ လဲကိုလည်းကောင်း၊ သစ်ခေါက်လျှော် (ဂုန်လျှော်၊ ပိုက်ဆန်လျှော်စသည်)ကိုလည်းကောင်း၊ အထည်ရက်လုပ်ရာတွင် အသုံးပြုခဲ့ပါက ဝါရိုင်းပင်မှဝါကို ရှေးမြန်မာများအလွယ်တကူရသဖြင့် သုံးစွဲမည်ဟုယူဆနိုင်သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ဝါဂွမ်းစိုက်ပျိုးမှုနှင့် ချည်ထည်ရက်လုပ်မှုသည် အထောက်အထားပြနိုင်သော ခေတ်မတိုင်မီကပင်ရှိနိုင်သည်။

ယခုအချိန်တွင် (၂၀၂၄ ခုနှစ်) မတွေ့ရသလောက်နည်းသွားသော ကမ္ဘောဒီးယားဝါ ခေါ် ကမ္ဘောဇဝါနှင့် ရှမ်းဝါတို့ကို လွန်ခဲ့သော နှစ် ၁၀၀ ကျော်က ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးခဲ့သည်။ ကမ္ဘောဇဝါမျိုးသည် ဂေါ့စီပီယံဟာဆူတန်မျိုးဖြစ်သည်။ ထိုဝါမျိုးကို အခြားဒေသများတွင် မတွေ့ရချေ။ အိန္ဒိယမှသွင်းလာသော ဂေါ့စီပီယံအာဘိုးရီးယံမဟုတ်ချေ။ ဤသို့ဖြစ်လျှင်ဝါဂွမ်းသုံးစွဲမှုတွင် အိန္ဒိယနှင့်မရှေးမနှောင်းဖြစ်သော အိမ်နီးချင်းဖြစ်သည့် တရုတ်ပြည်မှတင်သွင်းသလော၊ မြန်မာပိုင်မျိုးဖြစ်သလော တွေးတောစရာဖြစ်နေသည်။ ရှမ်းဝါမျိုးမှာ အာဘိုးရီးယံမျိုးဖြစ်သည်။ ထို့ပြင် ချင်းဝါနှင့် ရခိုင်ဝါမျိုး (အာဘိုးရီးယံမျိုးများ)သည်လည်း ယခင်ကသူ့ဒေသနှင့်သူရှိခဲ့သည်။ ထိုမျိုးများသည် ဒေသအရ အိန္ဒိယမှလာသောမျိုးဖြစ်နိုင်သည်။ ။

ရေတာရှည်၊ လူမှုရေး

## သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သစ်တောဦးစီးဌာနမှဦးစီး၍ မေလ ၂၇ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် စိုင်းရဘိနယ်စခန်း၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်းသူက ကျောင်းသား၊ ကျောင်းသူများကို သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းစိုးက သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး သိကောင်းစရာများကိုလည်းကောင်း၊ ကျောက်ကြီးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောအယ်ကလူစိုးမိုးက ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်းအသိပညာပေးဟောပြောသည်။

ထို့နောက် ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထက်လင်းက သစ်တောများမှပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းထိုက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ဟောပြောပွဲသို့ ရေတာရှည်မြို့နယ် ကျောက်တစ်လုံးအလယ်တန်းကျောင်းမှ ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာတာဝန်ခံများနှင့် သစ်တောဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ကြပြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန၏ စိုင်းရဘိနယ်စခန်း ပျိုးဥယျာဉ်တွင် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိမှုများကို ဝင်ရောက်လေ့လာကြကြောင်း သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ကျောက်မဲ၊ လူမှုရေး

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးတောင်းကျေးရွာအုပ်စု ပန်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက မေလ ၂၈ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်မဲခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့် တာဝန်ရှိသူတို့က နမ့်ဟူးတောင်းကျေးရွာအုပ်စု ပန်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာလစဉ်ဖြည့်သွင်းရေးဆွဲရမည့် စာရင်းဇယားများဖြည့်သွင်းရေးဆွဲထားရှိမှုတို့ကို စစ်ဆေးကြပြီး လက်ထောက်ညွှန်ကြားရေးမှူးက စီမံကိန်းလုပ်ငန်းများအောင်မြင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အသင်းသား၊ အသင်းသူများကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် နမ့်ဟူးတောင်းကျေးရွာအုပ်စု ပန်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းကာလ အဌမအကြိမ်မြောက် စက်ဝန်းအဖြစ် စိုက်ပျိုး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးအတွက် ငွေကျပ် ၆၂ ဒသမ ၈ သန်းကို ထုတ်ချေးပေးထားပြီး အဆိုပါချေးငွေဖြင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၀၄)**

နေပြည်တော် မေ ၂၈

# အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ (၁/၂၀၂၄)ကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပ ရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရင်မောင်ညွန့်၊ ဒေသဆိုင်ရာ အေဂျင်စီဥက္ကဋ္ဌများ၊ အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိ သူများ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့်အလတ် စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက် ရေးအေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပြဋ္ဌာန်းထားသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (SME)ဥပဒေကို အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး(MSME) ဥပဒေအဖြစ် ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းနိုင်ရန်အတွက် ဥပဒေမူကြမ်းရေးဆွဲ ရေးအဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်လျက်ပြီး ယခုနှစ်မကုန်မီ အတည်ပြုထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

MSME လုပ်ငန်းရှင်များကို ချေးငွေများ ထုတ်ချေးရာတွင် ချေးငွေဆိုင်ရာစံသတ်မှတ် ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်ရွေးချယ်ပြီး ထုတ်ချေးပေး နိုင်ရေးအတွက် ချေးငွေစိစစ်ရေးအဖွဲ့များကို ဒေသဆိုင်ရာအေဂျင်စီများ၏ ကြီးကြပ်မှု အောက်တွင် ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ထုတ်ချေးပေးမည့် ချေးငွေပမာဏသတ်မှတ် ချက်အနေဖြင့် အသေးစားလုပ်ငန်းများ အတွက် ငွေကျပ် ၁၀ သန်း၊ အငယ်စား လုပ်ငန်းများအတွက် ငွေကျပ်သန်း ၅၀ နှင့် အလတ်စားလုပ်ငန်းများအတွက် ငွေကျပ် သန်း ၁၀၀ ထုတ်ချေးပေးရန် သတ်မှတ် ထားပြီးဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် မေလ ၁၇ ရက်အထိ MSME ချေးငွေလျှောက်ထား သူ ၁၇၅ ဦးရှိသဖြင့် ချေးငွေများ အမြန်ဆုံး ထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက် ရှိကြောင်း၊ ယနေ့ကျင်းပသည့်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှတစ်ဆင့် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ် များကိုရှင်းရှင်းလင်းလင်းသိရှိပြီး လိုအပ်ချက် များကိုအကောင်းဆုံးဖြစ်အောင် ပြင်ဆင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည် ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်သွား ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဗဟို ကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် စနစ်တကျ အကောင်အထည်ဖော်ရန် လိုအပ်သလို ဒေသဆိုင်ရာ MSME အေဂျင်စီများ အချင်းချင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက် သွားကြရန် ပြောကြားသည်။

ဆက်လက်၍ အသေးစား၊ အငယ်စား နှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီအတွင်းရေးမှူး၊ စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစား၊ အငယ် စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ဒေသ ဆိုင်ရာအေဂျင်စီများ၏လုပ်ငန်းဆောင်ရွက် ထားရှိမှုအခြေအနေများတင်ပြရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ မှာကြားချက်များကို လည်းကောင်း၊ ဒေသဆိုင်ရာအေဂျင်စီ ဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ် အလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အေဂျင်စီအဖွဲ့ဝင်များက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ချေးငွေ များ အမြန်ဆုံးထုတ်ချေးပေးနိုင်ရေးကိစ္စ ရပ်များကိုလည်းကောင်း ဆွေးနွေးရှင်းလင်း တင်ပြပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရ သည်။ **(သတင်းစဉ်)**

## ကျောင်းအပ်နံ့ပေး ချစ်ရင်သွေး

* စံပယ်ငုံ ဝသန်ဦး<br>
အမှန်ဖူး ပန်းစုံကြွယ်။<br>
ငယ်နုနယ် လျှမ်းထုံဝင့်ပါဘိ<br>
ရွှန်းတင့်ကြိုင်တယ်။<br>
မိုးပုလဲ ဖျန်းလှိုင်သွယ်<br>
ပန်းခိုင်နွယ် အလှဆန်း။<br>
ဘဝလမ်းရဂုံတွင်းမှာ<br>
သင်းရနံ့လွှမ်း။

* ပညာပန်းဝေစည်ကြောင်း<br>
မြေဆီကောင်းပြုပြင်။<br>
မေတ္တာရှင် ရေကြည်လောင်းလို့<br>
ပေါင်းမြက်သန့်စင်။<br>
မြန်မာ့ကျောင်းတေးသံလွင်<br>
ဆရာ့ရင် အမြဲဖွင့်ထား။<br>
လန်းရွှင်ကာ ပန်းစုံပွင့်အောင်<br>
မြဲသင့်ကြိုးစား။

* စေတနာမေတ္တာဖျန်း<br>
သဒ္ဒါကမ်း မြဲခိုင်မာ။<br>
ကျောင်းသို့လာ အမြန်အပ်ပါကွဲ့<br>
သင်လတ်ပညာ။<br>
မိဘနှင့်မြတ်ဆရာ<br>
ချစ်ကြည်စွာ ပူးပေါင်း။<br>
ကျောင်းအပ်နှံပြည့်အရေးရယ်မို့<br>
ကျောင်းနေအရွယ် ပညာတတ်စေကြောင်း<br>
အပ်နှံစို့ကျောင်း။ ။

**မောင်မင်းသိမ်း(သရက်)**

## တရားဝင် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများအား Facebook Page များနှင့် အင်တာနက်စာမျက်နှာများမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းဆောင်ရွက်သူများအား ထပ်မံအရေးယူဆောင်ရွက်ခြင်း

၁။ အောက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသော နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိကိုင်ဆောင်ထားခြင်းမရှိဘဲ နိုင်ငံခြားငွေများအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဆိုပါအဖွဲ့အစည်းများနှင့်ပါဝင်ပတ်သက်ရောင်းဝယ်နေသူများအား အရေးယူဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပြည်ပမှအဝယ်/အရောင်းဆောင်ရွက်နေသည့် Page များ၊ ဖုန်းနံပါတ်များကို သက်ဆိုင်ရာဗဟိုဘဏ်များသို့အကြောင်းကြား၍ အရေးယူဆောင်ရွက်ရန်ညှိနှိုင်းလျက်ရှိပါသည်။

(က) ငွေဈေးနှုန်းနှင့်ငွေလွှဲဆိုင်
(ခ) Moe Latt
(ဂ) Si Thu & bro များ
(ဃ) ရန်ကုန်ငွေဈေး
(င) ဒေါ်လာဝယ်ရောင်းတိုက်ရိုက် USD Exchange
(စ) ဒေါ်လာရောင်းဝယ်
(ဆ) December Snow
(ဇ) June Lin Htet Naing
(ဈ) Htet Yan Money Exchange
(ည) Global Value Services-GVS Money Exchange and Transfer
(ဋ) Boss Online Money Exchange Services (Family Money Exchange)
(ဌ) Lucky Sky Gold Smith (Facebook Page)
(ဍ) Nay Myo Htet (Facebook Page)
(ဎ) Gold Market Myanmar (Facebook Page)
(ဏ) Ye Mon
(တ) Naing Lu

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့သောအဖွဲ့အစည်းများအား ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း စောင့်ကြည့်အရေးယူသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းများကိုလည်း ပြည်သူလူထုသိရှိရန် ကြေညာထုတ်ပြန်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် တရားဝင်လိုင်စင်ထုတ်ပေးထားပြီး နိုင်ငံခြားငွေများ လဲလှယ်ရောင်းချခွင့်ရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၌သာ လဲလှယ်ရောင်းချဝယ်ယူသွားရန် ထပ်မံအသိပေးအပ်ပါသည်။

၄။ အထက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် တရားမဝင်နိုင်ငံခြားငွေများရောင်းဝယ်၍ ငွေဈေးကစားနေသူများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ နှင့် ၄၂ တို့အပြင် အများပြည်သူအကျိုးကိုထိခိုက်စေသည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြင့်ပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

၂၆-၅-၂၀၂၄

★ ရှေ့ဖုံးမှအဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ကြောင်း၊** အလားတူ **အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊** ထို့အတူ **အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကိုဖော်ပြနေခြင်းဖြစ်**သည့်အတွက် အားကစားဆိုင်ရာ ခံယူချက်များအတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်း အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံအတွက် အဓိကစွမ်းအားစုဖြစ်သည့် လူငယ်များကို ဗလငါးတန်ပြည့်ဝရေးနှင့်အတူ လူငယ်ကဏ္ဍများကိုလည်း တစ်ဖက်တစ်လမ်းမှမြှင့်တင်ပေးလျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင်ပါရှိသည့် လူမှုရေးဦးတည်ချက် (၃) ရပ်၏ဒုတိယအချက်ဖြစ်သော **တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး အချက်ကိုလည်း အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်နယ်ပယ်များစွာရှိသည့်အနက် ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံကို ပုံမှန်ကျင်းပပြုလုပ်ပေးရမည်ဆိုသည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နှစ်များအလိုက် အားကစားပြက္ခဒိန်ရေးဆွဲပြီး ပြိုင်ပွဲများကျင်းပပေးခဲ့သည့်အတွက် ယခုကဲ့သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကျင်းပနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။




၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

အမျိုးသားအားကစားပွဲတော်များကို ယခင်အစိုးရအဆက်ဆက်က ကျင်းပပေးခဲ့ကြကြောင်း၊ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်နှင့် ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်များကို ရန်ကုန်မြို့တွင်ကျင်းပခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ခမ်းခမ်းနားနားကျင်းပပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခု ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်တွင် ကျင်းပပြုလုပ်သွားရန်လျာထားဆောင်ရွက်ခြင်းဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော်ကျင်းပမည့်အချိန်မှာ ယခုနှစ်ဒီဇင်ဘာလဖြစ်သည့်အတွက် ၆ လခန့်အချိန်ရရှိသော်လည်း ကြိုတင်ပြင်ဆင်စုဖွဲ့ရမည့်ကိစ္စများ၊ လေ့ကျင့်ရမည့်ကိစ္စများသည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ယခုအချိန်မှစတင်၍ ကြိုတင်ပြင်ဆင်နိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်သောကြောင့် ပထမအကြိမ်အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး ကျောင်းသားအားကစားပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း၊ သို့သော်လည်း မတူသည့်အချက်မှာ **ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် ပြိုင်ပွဲဝင်အသင်းများသာမက ပြိုင်ပွဲဝင်အားကစားသမားများပါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများဆုံးယှဉ်ပြိုင်ကြမည့် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်**ကြောင်း။

အမျိုးသားအားကစားပွဲတော် ကျင်းပရသည့် ရည်ရွယ်ချက်မှာ ပထမအချက်အနေဖြင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ဒုတိယအချက်မှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် **"မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အားကစားအဆင့်အတန်းမြင့်ရေးနှင့် အောင်မြင်မှုရှိစွာယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှု ရရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့် ဦးတည်ချက်များနှင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် **စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပခဲ့သည့် (၁၀)နှစ်နီးပါးကြာမှ ပြန်လည်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ခမ်းနားထည်ဝါစွာဖြင့် စနစ်တကျကျင်းပနိုင်ရေးသည် အရေးကြီး**ကြောင်း၊ ထို့ကြောင့် အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ကြိုတင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို မူဝါဒ(မူကြမ်း) ချမှတ်ပြီး နိုင်ငံတော်အကြီးအကဲထံတင်ပြ၍ အတည်ပြုချက်ရယူသွားရန်ဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော်ဆိုသည့်

❖ **အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်၊ အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေ၊ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကိုဖော်ပြနေခြင်းဖြစ်သည့်အတွက် အားကစားဆိုင်ရာခံယူချက်များအတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းအားပေးဆောင်ရွက်ပေးလျက်ရှိ. . .**

❖ **အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများဖြင့် အပိုင်းနှစ်ပိုင်းဆောင်ရွက်သွားရန်စီမံထား၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲတွင် အားကစားနည်း ၆ နည်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တွင် အားကစားနည်း ၂၃ နည်းဖြင့် ခန့်မှန်းအားကစားသမားစုစုပေါင်း ၆၅၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ရန်လျာထား. . .**

ဂုဏ်ဒြပ်နှင့်အညီ ပြိုင်ပွဲ ပွဲစဉ်တိုင်း ပြိုင်ဆိုင်မှုပြင်းထန်မည်ဖြစ်သော်လည်း အားကစားစိတ်ဓာတ်၊ အားကစားအဓိဋ္ဌာန်များနှင့်အညီ ယှဉ်ပြိုင်ပြီး တစ်ဖက်ကလည်း မှန်ကန်မျှတပြီး စည်းကမ်းစနစ်ကျသည့် ပြိုင်ပွဲများဖြစ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အငြင်းပွားဖွယ်ရာများမဖြစ်အောင် မှန်မှန်ကန်ကန်မျှမျှတတ စီမံဆုံးဖြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးနှင့်အတူ အခြားသောနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အဆင့်မီပြီး အဆင့်အတန်းရှိသည့် မျိုးဆက်သစ်နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထူးချွန်စွာပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများဖြင့် အပိုင်းနှစ်ပိုင်း ဆောင်ရွက်သွားရန်စီမံထားကြောင်း၊ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲတွင် အားကစားနည်း ၆ နည်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် အားကစားနည်း ၂၃ နည်းဖြင့် ခန့်မှန်းအားကစားသမားစုစုပေါင်း ၆၅၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ရန် လျာထားကြောင်း။

အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ဖွင့်ပွဲ၊ ပိတ်ပွဲနှင့်ယှဉ်ပြိုင်ကြမည့် အားကစားပြိုင်ပွဲများတွင် အဆင့်အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်နိုင်စေရေးနှင့် အားကစားသမားများ စိတ်ချမ်းမြေ့စွာတည်းခိုနေထိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲများကို နိုင်ငံတော်အဆင့် ကျင်းပခဲ့သည့် အခြားအခမ်းအနားများထက် အဆင့်မနိမ့်ဘဲ ခေတ်နှင့်လျော်ညီစွာဖြင့် ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုကြောင်း၊ ထို့ပြင် အမျိုးသားအားကစားပွဲတော်၏ အထိမ်းအမှတ် Logo သတ်မှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးသွားကြရန်လိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ပြိုင်ပွဲ ပွဲစဉ်အစမှအဆုံးအထိ ယှဉ်ပြိုင်မှုများကို မှတ်တမ်းတင်ရေးအဖွဲ့များက စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့ မှတ်တမ်းတင်ဆောင်ရွက်ရာတွင် **၃၂ ကြိမ်မြောက် ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် စံချိန်များနှင့် အနီးစပ်ဆုံးရရှိသည့် အားကစားသမားများကိုသာ ပဏာမလက်ရွေးစင်အဖြစ်ရွေးချယ်၍ နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန်လို**ကြောင်း၊ အားကစားပြိုင်ပွဲများတွင် အားကစားစိတ်ဓာတ် ပြင်းထန်သကဲ့သို့ ယှဉ်ပြိုင်မှုများလည်း ပြင်းထန်လာနိုင်သည့်အတွက် အငြင်းပွားဖွယ်ရာများမဖြစ်အောင် ခုံသမာဓိဆောင်ရွက်ကြမည့် ဆပ်ကော်မတီနှင့် တာဝန်ရှိသူများက စနစ်တကျ အားကစားတစ်ခုချင်းအလိုက် ယှဉ်ပြိုင်ကြမည့် အားကစားနည်းဥပဒေ သတ်မှတ်ချက်များကို ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များအား အသိပေးထားရန်လိုအပ်ကြောင်း၊ အားကစားပွဲတော်ကျင်းပမည့် အချိန်ကာလမှာ အနည်းငယ်ကြာမြင့်သည့်အတွက် လုံခြုံရေး အထူးအလေးထားဂရုစိုက်စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ တည်းခိုနေထိုင်ရေးနှင့်စပ်လျဉ်း၍ အဆင်ပြေချောမွေ့စွာရှိစေရန်အတွက် တည်းခိုဆောင်များသန့်ရှင်းရေးနှင့် လိုအပ်ချက်များရှိလာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း။

ထို့ပြင် ကျန်းမာရေးနှင့်စပ်လျဉ်း၍ အားကစားသမားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းကောင်းမွန်သော အစားအသောက်များဖြစ်စေရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားကွင်းများ အဆင့်မြင့်မြင့်နှင့် ဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် သက်ဆိုင်ရာကော်မတီများက ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ပါဝင်ကူညီကြမည့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် အနုပညာရှင်များပါဝင်လာနိုင်ရေးကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ အဓိကအားဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် အားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးသည် အားကစားပြိုင်ပွဲအဖြစ်သာ အမည်ခေါ်ဆိုကျင်းပခြင်းဖြစ်သော်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအရ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ NGOအဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်းတစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်မှု၊ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါလုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာခဲ့ပါကလည်း အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူအဆင့်ဆင့်က တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ပြင်ဆင်ထားမှု၊ ယခင်အမျိုးသားအားကစားပွဲတော်များ ကျင်းပဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှု၊ ပြိုင်ပွဲအမျိုးအစားသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲ/ ပိတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဒုတိယစာရင်းစစ်ချုပ်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ (၁၀၀)

---

ရန်ကုန် မေ ၂၈

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များအတွက် မြန်မာ့လက်ရွေးစင်အသင်း စခန်းသွင်းလေ့ကျင့်မှုများစတင်ပြုလုပ်

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ်ကစားမည့် ဂျပန်အသင်း၊ မြောက်ကိုရီးယားအသင်းတို့နှင့်ပွဲစဉ်များအတွက် စခန်းသွင်းလေ့ကျင့်မှုများကို ယနေ့မှစတင်ပြီး ရန်ကုန်မြို့တွင် စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြက ဂျပန်အသင်း၊ မြောက်ကိုရီးယားအသင်းတို့နှင့် ပွဲစဉ်များအတွက် ပြည်တွင်းကလပ်အသင်းများမှ ကစားသမားများနှင့် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် ကစားသမားများအပါအဝင် ပဏာမကစားသမား ၃၃ ဦးရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်မှုများကို စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်များအဖြစ် လာမည့် ဇွန်လ ၆ ရက် ည ၆နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဂျပန်အသင်းနှင့်ကစားသွားမည်ဖြစ်ပြီး ဇွန်လ ၁၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ(အာရှဇုန်)ဒုတိယအဆင့်အဖြစ် အုပ်စု(B)တွင် အုပ်စုလေးပွဲကစားပြီးချိန်တွင် တစ်ပွဲသရေ သုံးပွဲရှုံး ရမှတ် တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးတွင် ရပ်တည်လျက်ရှိနေသည်။



မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ နှစ်ခုကစားသွားမည်ဖြစ်ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(အာရှဇုန်)ဒုတိယအဆင့်ပြီးလျှင် ၂၀၂၄ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲကိုလည်း ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

---

■ကျောဖုံးမှအဆက်

မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသားသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၂၉ ရက် **(ယနေ့)**နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

---

နေပြည်တော် မေ ၂၈

## ကျိုက်ကန်းမြို့နယ်၊ အင်တိုင်းကြီး၊ အင်တိုင်းလေးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျိုက်ကန်းမြို့နယ်၊ အင်တိုင်းကြီး၊ အင်တိုင်းလေးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အင်တိုင်းကြီးဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၂၅ ဦးအား သွေးတိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ခါးနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကျိုက်ကန်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 28

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses first meeting of 2024 Fifth National Sports Festival Holding Steering Committee



Vice-Senior General Soe Win addresses first meeting of 2024 Fifth National Sports Festival Holding Steering Committee.

The 2024 Fifth National Sports Festival Holding Steering Committee held the first meeting at the Ministry of Sports and Youth Affairs here this afternoon, addressed by Patron of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were members (union ministers) of the steering committee, the union auditor-general, the Nay Pyi Taw Council chair, deputy ministers, departmental heads and officials. Region/state chief ministers took part in the meeting through video conferencing.

In his address, the Vice-Senior General said sports **promotion amounts to defending the country.** Likewise, **sports victory reflects national development.** And, sports **development expresses national prestige and standard.** Hence, SAC has been making all-round efforts to raise the standard of the nation's sports.

It is upgrading the youth sector and supporting youth, the country's main force, to have the five strengths. SAC is also seriously implementing the second point -- To elevate the health and sports sectors inclusive of all the people, improving the longevity and health of the nation -- of the three social objectives included in its nine objectives. Holding sports of various sectors regularly is one of the essential tasks for promoting national sports standards. Hence, SAC draws yearwise sports calendar and holds sports events and it is now planning to hold the fifth national sports festival in 2024.

The past successive governments had organized national sports festivals. The first festival was held in 1992, the second in 1994, and the third in 1997 in Yangon. The fourth festival was held in Nay Pyi Taw in 2015 on a grand scale. SAC has planned to hold the fifth festival in Nay Pyi Taw in December 2024.

There is a six-month period for preparations that must be started now as the task includes national level activities such as advanced gathering programs and training sessions. Hence, the first meeting was held. SAC is holding students sports festivals, inter-state/region sports events, inter-ministry events year round. But the significance of national sports festival is that it is a national level event and has the highest number of teams and athletes from all over the country.

The first point of the festival's objectives is to further improve national sports standard; the second point is to ensure success at the 2025 33rd SEA games and other international sports meets and to promote national sports standard in accord with slogan -- **Myanmar sports to conquer the world,** for the emergence of athletes who will bring honour to the country and potential new general athletes, to cement inter-state/region and inter-ministry friendship, accelerate the sports movement, and arouse public interest in sports.

It is important to systematically organize the fifth festival on a grand scale during the administration of SAC as it will be held nearly ten years after the fourth festival. Hence, the steering committee, work committee and 11 subcommittees were set up in advance for the success of the festival. A rough policy for its success has been written and it will be submitted to the Head of State for approval.

Every competition will be tough in accord with the festival's prestige. Officials at all levels should make correct and fair judgments and the athletes should partake with sports spirit and rules. Only then will the festival produce honourable and qualified new general athletes for the 33rd SEA games and other international events. The festival will have two parts: inter-ministry events and inter-state/region events. The former will have six events and the latter, 23 events and an estimated number of total participants is about 6,500.

The National Sports Festival, being a state-level event, requires meticulous planning and implementation to ensure high standards in the opening and closing ceremonies as well as in the sports competitions. Efforts should be made to ensure that athletes can stay comfortably. The opening and closing ceremonies should be organized in a grand and modern manner, on par with other state-level events. Additionally, discussions will be held to determine the commemorative logo for the National Sports Festival. Proper documentation of all competitions from start to finish must be carried out systematically to recognize and honor emerging national athletes.

In documenting the events, it is necessary to select only those athletes who achieved first, second, and third places, or those closest to the records, in the 32nd Southeast Asian Games as preliminary candidates for the national team. This will be systematically managed to enable them to participate in international competitions as national representatives. Given that the competitive spirit in sports can lead to intense rivalries, the sub-committee and responsible officials should conduct arbitration to avoid disputes and ensure all competing sports teams are informed of the rules and regulations for each sport. Since the duration of the sports festival will be relatively long, special attention must be paid to security arrangements. To ensure smooth accommodation, it is also necessary to prepare in advance for cleanliness and

See Page - 19 ➤➤

From Page - 18

any requirements that may arise in the lodging facilities.

Additionally, regarding health, it is necessary to ensure that athletes have access to healthy and hygienic food. Relevant committees should plan in advance to ensure that the sports venues where the competitions will be held are of high quality and well-maintained. Officials should also coordinate the participation of individuals, experts, and artists from various fields to assist in the opening and closing ceremonies. Since this is a state-level event, it is essential for everyone to actively and enthusiastically collaborate in its organization.

The upcoming National Sports Festival is not just a sports competition; it requires collaborative efforts from various ministries, state and regional governments, national sports federations, former national athletes, NGOs, media personnel, and the public. Everyone needs to contribute according to their respective roles with a sense of national pride and cooperation. This event is an opportunity to showcase the unity, collaborative spirit, patriotism, and stability of our nation. Therefore, the work committees and sub-committees must strive to successfully carry out their responsibilities and handle any unexpected challenges promptly by reporting to the relevant authorities.

Following that, the Chairman of the Central Committee for the 5th National Sports Festival Union Minister for Sports and Youth Affairs U Min Thein Zan explained the preparations for the 5th National Sports Festival, the conduct of previous national sports festivals, the formation of work committees and sub-committees, the determination of competition types, the event schedules, and the award presentation plans.

Afterwards, the Chairman of the Opening/Closing Ceremony Organizing Committee Union Minister for the Ministry of Information U Maung Maung Ohn provided a briefing on the plans to conduct the opening and closing ceremonies of the 5th National Sports Festival in a grand and state-level manner that aligns with the contemporary era.

Subsequently, Union Ministers, the Auditor General of the Union, the Chairman of the Nay Pyi Taw Council, and the Chief Ministers of Regions and States, who are members of the organizing committee, provided explanations according to their respective sectors on ensuring the successful and grand organization of the 5th National Sports Festival.

Following this, the chairpersons of the sub-committees for transportation, security, finance and awards, information and documentation, health, invitations and hospitality, ceremony preparations, accommodation and catering, and auditing, who are deputy ministers and the deputy auditor general, presented explanations and discussed the measures taken and planned activities to ensure the successful organization of the 5th National Sports Festival ceremonies according to their respective sectors.

Finally, the Vice-Senior General coordinated and supplemented the necessary points from the presentations and discussions, delivered concluding remarks, and concluded the meeting.

**100**

AGRICULTURE

# More than 1,000 acres of onion and garlic harvested in Mawlaik District

According to the statistics of Mawlaik District Agriculture Department, a total of 1,190 acres of onion and garlic crops have been harvested in Mawlaik District of Sagaing Region.

Local farmers started harvesting of crops cultivated in winter of 2023-2024 financial year, in February this year, and so far they have harvested 1,190 acres of onion and garlic crops.

"The whole district placed 1,190 acres of croplands under onion and garlic. So far farmers have harvested them. Out department created linkage of grasping market share of these crops for local farmers," said Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department.

In Mawlaik Township, a total of 22 acres of onion were harvested with 4,200 viss per acre yield where 85 acres of garlic were harvested with 2,250 viss per acre yield. At the same time, Phaungpyin Township managed harvesting of 433 acres of onion with 4,300 viss per acre and 452 acres of garlic with 2,720 viss per acre.

In winter of 2023-2024 financial year, Mawlaik District earmarked cultivation of 653 acres of onion and 552 acres of garlic. Starting from October 2023, local farmers cultivated 653 acres of onion and 537 acres of garlic against the target.

Officials of relevant township Agriculture Departments help local farmers with creation of market linkages to fetch good prices for crops and provide agricultural techniques how to use good agricultural practices to produce quality onion and garlic to local farmers.

In cultivation measures, farmers cost Ks-1.8 million per acre of onion and Ks-1.5 million per garlic.

**SK**

BUSINESS

# Demand of seafood increase in the local market

With rising orders and the number of seafood restaurants being enlarged, seafood trading has been better in May.

These years, eating seafood has become popular among people due to food bloggers both externally and internally, and the number of seafood restaurants has also begun increasing.

"The seafood market has potential. Prices vary on a daily basis. Recently, the number of seafood restaurants has swollen. There are three different varieties of seafood: freshwater prawn, tiger prawn, seabass, squid, cuttlefish, octopus, and green mussels. We also deliver to other regions and states. The seafood market was better in May. Orders have also risen," said Ma Khine Moe Thet, owner of a seafood trading at Than Zay in Lanmadaw township.

She also said that the seafood market will continue to be better in the coming monsoon season.

"Generally, the trading is slow in monsoon season, but seafood sales are regular. The overall sales are likely to decrease in the monsoon. However, the number of bars, hotpot shops and restaurants has been increasing, so seafood sales will continue to be high. The seafood market was also good last year. Seafood sale is regularly good," she said.

**SMK**

AGRICULTURE

# Myaung Township farmers reap 7,245 acres of winter wheat

A total of 7,245 acres of wheat planted during the winter crop planting season in Myaung Township, Sagaing Region have been harvested, according to Department of Agriculture for Sagaing District.

The wheat fields planted in Myaung Township in the 2023-2024 winter crop planting season have been harvested since February of this year. So far, 7,245 acres have been harvested and 19.56 baskets per acre have been produced.

"The farmers expanded their planting as there was a market for wheat. They also planted corn as a crop rotation. We held discussions to educate the farmers about crop cultivation. To increase the yield of wheat, we told them to irrigate and fertilize the fields and work to clean them," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

In 2023-2024 winter crop planting season, 7,243 acres of wheat were earmarked to be planted in Myaung Township and 7,245 acres were planted from October to December, 2023.

**SMK**

ISRAEL

# Israeli army enters central Rafah amid clashes with Palestinian militants

The Israeli army on Tuesday advanced into the heart of Rafah city in the southern Gaza Strip amid clashes with Palestinian militants, according to Palestinian security sources and eyewitnesses.

Security sources told Xinhua that Israeli tanks and troops reached the city center amid heavy gunfire and airstrikes covering the ground incursion.

Eyewitnesses said that they saw a group of Israeli soldiers walking towards the western area of Rafah, targeting anyone who walked in the areas they were entering.

Meanwhile, Israel's state-owned Kan TV reported that the army is continuing its operations in the Shaboura camp and Brazil neighborhood in the city, searching for tunnels, and trying to determine the locations of armed elements.

It indicated that Israeli army forces advanced west of Rafah towards the Philadelphia Corridor.

As a result, hundreds of families were displaced since the early hours of Tuesday morning from the western areas of the city in search of safe areas amid the violent air and artillery bombardment.

**Xinhua**

CHINA

# Shenzhou-18 crew members complete first spacewalk



This screen image captured at Beijing Aerospace Control Center on May 28, 2024 shows Shenzhou-18 astronaut Ye Guangfu performing extravehicular activities assisted by the robotic arm of the space station.

Shenzhou-18 crew members on board China's orbiting space station completed the first spacewalk of their mission at 6:58 p.m. (Beijing Time) on Tuesday, according to the China Manned Space Agency (CMSA).

Ye Guangfu, Li Cong and Li Guangsu worked for about eight-and-a-half hours in completing multiple tasks, including the installation of space debris protection devices, and were assisted by the space station's robotic arm and a team on Earth.

Ye and Li Guangsu, the two crew members assigned the spacewalk duty, have since returned safely to the Wentian lab module.

This marked Ye's second extravehicular activity (EVA), following his initial spacewalk during the Shenzhou-13 mission, while Li Guangsu embarked on a spacewalk for the first time.

The mission will involve numerous other tasks, with the Shenzhou-18 crew set to engage in a slew of scheduled space science experiments and technical tests, while they will also undertake additional extravehicular activities and install payloads outside the space station, according to the CMSA.

**Xinhua**

INDIA

# 17 killed, several feared trapped as stone quarry collapses in India's Mizoram

Seventeen people were killed and several others feared trapped under the debris as a stone quarry collapsed Tuesday in India's northeastern state of Mizoram, police said.

The stone quarry collapsed amid heavy rains that the state received in the aftermath of cyclone Remal, which made landfall between the coasts of West Bengal and Bangladesh on Sunday night.

According to officials, the stone quarry collapsed between Melthum and Hlimen on the outskirts of Aizawl, the capital city of Mizoram.

"All efforts are underway to rescue the people who are trapped under the debris. However, heavy rains are affecting the operations," Mizoram Police Chief Anil Shukla was quoted by a local news agency as having said. "We have recovered 17 bodies so far and the rescue operations are going on. We suspect that six to seven more people are still trapped under the rubble."

Immediately after the incident, authorities rushed rescue teams to pull the bodies and survivors from the quarry.

Reports said the victims include a four-year-old boy and a six-year-old girl.

Two persons have also been pulled alive from the site.

Officials said the rescue operation was underway despite relentless rain and landslides in the area.

**Xinhua**

INDONESIA

# 5.9-magnitude quake strikes off western Indonesia

A 5.9-magnitude earthquake jolted off Indonesia's western Aceh province on Tuesday evening without triggering giant waves, the meteorology, climatology and geophysics agency said.

The agency had earlier released the magnitude of the quake at 6.2 before revising it.

The quake struck at 18:52 p.m. Jakarta time (1152 GMT) with its epicenter situated at 95 km northwest of Sinabang town and the depth at 22 km under the seabed, the agency said.

The tremors were felt at IV MMI (Modified Mercally Intensity) in Nagan Raya regency, West Aceh regency, Simeulue regency, and III MMI in Southwest Aceh (Aceh Barat Daya) regency and South Aceh regency, it said.

The agency did not issue a tsunami warning as the tremors would not cause giant waves.

Several aftershocks followed the main shock of 5.9 magnitude, it added.

Indonesia is prone to earthquakes for its position on a vulnerable quake-stricken zone called "the Pacific Ring of Fire."

**Xinhua**

INDIA

# 'Bomb note' triggers panic on Indian plane

A flight from Delhi to the Hindu holy city of Varanasi was evacuated just before it was due to take off on Tuesday morning, after a pilot found a threatening note in the lavatory. The note, scrawled on tissue paper, read: "bomb blast @30 minutes." A response team was sent in, but no suspicious items were found.

"All necessary protocols were followed, and the aircraft was taken to a remote bay as per guidelines by airport security agencies,"IndiGo said.

All 176 passengers disembarked through an emergency door and an alternative flight was arranged, according to the carrier.

The incident comes amid fervent election campaigning in Varanasi, the constituency of Prime Minister Narendra Modi, where polling will be held on June 1 in the seventh and final phase of the country's parlia-mentary election.

Two prominent opposition figures – Congress leader Rahul Gandhi and Samajwadi Party chief Akhilesh Yadav – are currently campaigning in the holy city.

On May 15, a note inscribed with "bomb" was found in the lavatory of an Air India flight from New Delhi to Vadodara in Gujarat state, NDTV reported, citing police. The note turned out to be a hoax.

**RT**

NAY PYI TAW May 28

# Political parties issue statement condemning sanctions on Myanmar

The political parties organized a coordination meeting on sanctions on Myanmar at the Myanmar Convention Centre (MCC) in Yangon at 10 am today.

The event was attended by chairpersons, vice-chairpersons and executive committee members of political parties, the chairperson and members of the Myanmar Writers' Association, the president and general secretary of the Myanmar Farmers' Development Foundation, officials of foreign embassies in Myanmar and invitees.

USDP (Union Solidarity and Development Party) Chairperson U Khin Yi first mentioned the intention of the meeting to discuss sanctions on Myanmar.

Attendees then coordinated discussions and released a joint statement strongly opposing and condemning sanctions on Myanmar.

**MNA**



Officials from political parties hold a meeting to issue a joint declaration.

## Joint Declaration of (25) political parties

### 6th of the Waning Moon of Kason,1386 ME

### 28th May 2024

1. In the Republic of the Union of Myanmar, the government, responsible organizations, and citizens who desire for peace and stability are making concerted effort in accordance with the law to resolve the internal conflicts that have arisen in the aftermath of the 2020 multi-party democratic general elections.
2. However, numerous innocent civilians have been killed, private properties have been destroyed, essential social and economic infrastructures built with public funds have been damaged by the terrorist groups created by the extremist political actors. The future of the younger generation has also been destroyed.
3. As a consequence of the above episodes, basic livelihoods have deteriorated, leading to an increase in crimes such as robbery, kidnapping, arson, intimidation, and other acts of violence.
4. While the Myanmar Government is making concerted efforts to resolve the internal conflicts domestically, some powerful countries and some global organizations have imposed sanctions as a means to directly or indirectly support certain factions. Global responsibility such as giving support for the peace and stability of a country in positive manner, offering humanitarian support with impartiality should be abided by those countries and groups. They have instead adopted the practice of selectivity and partiality by imposing “Sanctions” to create political and economic crises to a country, which was the unsuccessful method of “Neo-colonialism”.
5. Upon examining the sanctions on Myanmar from February 11,2021, to January 30,2024, it is found that they include blocking private assets, cutting off support links with the government, obstructing socio-econimic activities, restricting financial transfers, limiting and prohibiting export of goods and products, travel restrictions, suspending international engagements, isolating the country, and banning participation in global intellectual property meetings, among many other intensified measures.
6. The aforementioned sanctions explicitly target and restrict a nation’s sovereignty, development, stability, and the peaceful and prosperous future of its entire population. These actions also create conditions of discrimination and partiality, clearly violating the principles stated in Article(7) of the United Nations Universal Declaration of Human Rights, which asserts, “Discrimination instead of equal protection, incitement to discrimination, and equal protection”, It has been observed that these declarations and principles are being blatantly violated.
7. Furthermore, these actions also violate the principles outlined in the United Nations Charter. Article (2), Section (1) which states, “The Organization is based on the principle of the sovereign equality of all its Members”, and Section(4), states, “All Members shall refrain in their international relations from the threat or use of force against the territorial integrity of political independence of any state.” It is concluded that these sanctions are in direct contravention of these principles.
8. Although sanctions are claimed to be directed at the Myanmar Government, the reality is that they adversely affect the entire population in Myanmar, causing widespread suffering and forcing them into a vicious cycle of hardship. Additionally, these actions will also hinder the progress of the five-step roadmap being implemented by the state and obstruct the conditions necessary for the emergence of a free and fair election.
9. Therefore, we strongly urge to revoke the sanctions imposed on the state as soon as possible. We request the international community to provide collective assistance based on the actual impact and conditions. Furthermore, we, all political parties, unanimously and categorically reject, oppose, and condemn any action of sanctions taken against Myanmar.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လူလိမ်များကြောင့် ဘဝဆုံးရသူ တောင်ကိုရီးယားလူငယ်များ

ထက်မြတ်



သူ့ကိုတော့ ပါ့ဆူးလို့ပဲခေါ်ကြပါစို့။ ပါ့ဆူးဟာ တောင်ကိုရီးယားနိုင်ငံသားပါ။ သူက ဆိုးမြို့က ပြတင်းပေါက်တောင်မပါတဲ့ သေးငယ်လွန်းတဲ့တိုက်ခန်းလေးထဲမှာ ၁၀ နှစ်ကြာအောင်နေထိုင်ခဲ့သူပါ။

အလုပ်လုပ်ရာမှာလည်း နေ့ဘက်မှာ သာမက ညဘက်မှာပါ ကြိုးစားပမ်းစားနဲ့ အလုပ်လုပ်တယ်။ ရသမျှငွေကိုလည်း ကျစ်ကျစ်ပါအောင်စုတယ်။

စုလို့ရတဲ့ငွေလေးနဲ့ အိမ်ကောင်းကောင်း တစ်လုံးမှာနေရဖို့အတွက် စပေါ်ပေးလိုက်တယ်။ အဲဒီမှာပဲ အိမ်ခြံမြေလူလိမ်တွေက သူ့ရဲ့အနှစ်နှစ်အလလစုဆောင်းထားသမျှတွေကို လိမ်သွားပါလေရော။

တောင်ကိုရီးယားနိုင်ငံရဲ့ အိမ်ငှား ဈေးကွက်မှာ တစ်မူထူးခြားတဲ့စနစ်ကြီး တစ်ခုရှိတယ်ခင်ဗျ။ ကိုရီးယားလိုတော့ ဂျီအွန်ဆေးလို့ခေါ်တာပေါ့။ သူ့ရဲ့ အဓိပ္ပာယ်က အိမ်ငှားမယ့်သူတွေက စပေါ်ကြီးကြီးမားမားပေးရတာမျိုးခင်ဗျ။ တစ်ခါတလေများဆိုရင် ဒေါ်လာသိန်းနဲ့ချီပေးရတာမျိုးအထိရှိတတ်တယ်ခင်ဗျ။

အိမ်ငှားတွေအနေနဲ့ စပေါ်ကြီးကြီးမားမားပေးထားပြီးရင် နောက်ထပ် အိမ်ငှားခပေးစရာမလိုဘဲ အကြာကြီးနေလို့ရတယ်ခင်ဗျ။ အိမ်ငှားတွေပြောင်းတော့မယ်ဆိုရင်တော့ အိမ်ရှင်ကစပေါ်ငွေကို အပြည့်ပြန်ပေးလေ့ရှိတဲ့စနစ်ပေါ့။

သူ့ရဲ့ပုံစံကဒီလိုခင်ဗျ။ အိမ်ရှင်တွေက အိမ်ငှားတွေဆီကနေ စပေါ်ငွေအများအပြားရတယ်။ အတိုးမပေးရတဲ့ချေးငွေပုံစံမျိုးပေါ့။ သူတို့ရဲ့အိမ်ကိုတော့ အပေါင်သဘောမျိုးနဲ့ အိမ်ငှားဆီထားထားတယ်။ အိမ်ရှင်တွေက ရလာတဲ့စပေါ်ငွေတွေနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်တယ်ပေါ့ခင်ဗျာ။

ဒီစနစ်က နှစ်ဦးနှစ်ဖက်အတွက် ဘယ်သူမှအကျိုးမယုတ်တဲ့စနစ်ခင်ဗျ။ တစ်ဦးကငွေပေးပြီး အိမ်မှာနေတယ်။ တစ်ဦးက အတိုးမဲ့ချေးငွေသဘောမျိုးနဲ့ စီးပွားရေးလုပ်တယ်။ နှစ်ပြည့်တဲ့အခါ စပေါ်ငွေကို ပြန်ပေးလိုက်ရုံပဲဆိုတော့ ဘယ်သူမှမနစ်နာတဲ့ စနစ်ကြီးဖြစ်နေတာပေါ့။

၁၉၉၀ ပြည့်နှစ်အလွန်ကာလထဲမှာဆိုရင် အဲဒီစနစ်ကအိမ်ငှားဈေးကွက်ရဲ့ သုံးပုံနှစ်ပုံကိုနေရာယူထားတာခင်ဗျ။ နောက်ပိုင်းကျတော့ သူ့ရဲ့အန္တရာယ်ကို လူအများအပြားကပိုမိုသိရှိလာတဲ့အတွက် လူကြိုက်များမှုလျော့ကျလာတယ်ခင်ဗျ။

ဒီနေ့လိုအချိန်အခါ အိမ်ခြံမြေဈေးကွက်ထဲမှာ လူလိမ်တွေနေရာယူလာတဲ့အခါကျတော့ ဒီစနစ်ကြီးကပျက်လုနီးနီးဖြစ်လာရတယ်ခင်ဗျ။ ရဲတပ်ဖွဲ့ရဲ့အချက်အလက်တွေအရဆိုရင် နှစ်စဉ်အိမ်ခြံမြေလူလိမ်တွေနောက်ပါသွားတဲ့ငွေပမာဏက ဒေါ်လာ ၁ ဘီလီယံကျော်အထိ ရှိတယ်လို့သိရတယ်ခင်ဗျ။

ကျွန်တော်တို့ရဲ့ဇာတ်လိုက်ကြီး ပါ့ဆူးဆိုရင် မနက် ၉ နာရီကနေ ညသန်းခေါင်ရောက်တဲ့အထိ ပစ္စည်းလိုက်ပို့တဲ့အလုပ်တွေကို အားသွန်ခွန်စိုက်လုပ်ခဲ့တာပါ။ ဒေါ်လာ ၇၃၀၀၀ လောက်စုမိတဲ့အထိပေါ့ခင်ဗျ။

ဒါပေမဲ့ ပါ့ဆူးဟာ သူငှားနေမယ့်အိမ်အတွက် စပေါ်ပေးပြီး အိမ်ပေါ်မှာတက်နေစဉ် မကြာခင်မှာပဲ သူ့ရဲ့အိမ်ရှင်လို့ဆိုတဲ့သူက ပျောက်ခြင်းမလှပျောက်သွားပါတော့တယ်။ တကယ်တော့ အဲဒီအိမ်ရှင်ဆိုသူဟာ တကယ့်အိမ်ရှင်အစစ်မဟုတ်ဘဲ ကြားထဲကနေရိုက်စားလုပ်သွားတာပါ။

အဲဒီအခါ ပါ့ဆူးဟာလည်း သူများအိမ်ပေါ်မှာ တရားမဝင်တက်နေနေတယ်ဆိုတဲ့စွပ်စွဲချက်နဲ့ နှင်ထုတ်ခံရတယ်ခင်ဗျ။ သူ့ရဲ့စပေါ်ငွေတွေပြန်ရဖို့ဆိုတာကတော့ ဝေလာဝေးပေါ့ခင်ဗျာ။

ပါ့ဆူးတစ်ယောက်အနေနဲ့ ဆုံးရှုံးသွားတာက ငွေကြေးတင်မကပါဘူး။ သူ့ရဲ့ ဆယ်ကျော်သက်ဘဝတစ်ခုလုံးပါ အခိုးခံလိုက်ရသလိုဖြစ်သွားတာပါ။

ဒီအခြေအနေအတွက် တရားဝင်လမ်းကြောင်းကနေ တရားစွဲဆိုမှုတွေလုပ်နေပေမယ့် ပါ့ဆူးတစ်ယောက်ကတော့ သူ့ရဲ့ငွေကြေးတွေနဲ့ အချိန်တွေကိုပြန်ရဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။

"အိမ်လေးတစ်လုံး ပိုင်ဆိုင်လိုတဲ့ ကျွန်တော့်ရဲ့အိပ်မက်ကတော့ ပျောက်ခြင်းမလှပျောက်ကွယ်သွားရပါပြီ။ အိမ်ထောင်ဖက်နဲ့ ချိန်းတွေ့ဖို့ဆိုတာကလည်း ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ လက်ထပ်ဖို့နဲ့ ကလေးတစ်ယောက်ရရှိဖို့ဆိုတာကတော့ ပြောမနေပါနဲ့တော့ဗျာ" ဆိုပြီး ကြေကွဲစွာပြောလာသူက အသက် ၃၇ နှစ်ရှိပြီဖြစ်တဲ့ ပါ့ဆူးရယ်ပါ။

ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း ပါ့ဆူးလိုမျိုး အလိမ်ခံလိုက်ရတဲ့သူ စုစုပေါင်း ၁၇၀၀၀ လောက်ရှိတယ်လို့ အစိုးရရဲ့ တရားဝင်ထုတ်ပြန်ချက်တွေမှာ တွေ့ရတယ်ခင်ဗျ။

အဲဒီ ၁၇၀၀၀ လောက်ထဲမှာမှ ၇၀ ရာခိုင်နှုန်းလောက်က အသက် ၂၀ ကျော်၊ ၃၀ ဝန်းကျင်တွေဖြစ်ပြီး အိမ်ခြံမြေလူလိမ်တွေရဲ့ သားကောင်တွေဖြစ်လာတာခင်ဗျ။

ဟိုအရေး၊ သည်အရေး တက်ကြွလှုပ်ရှားသူတွေဆိုတာကတော့ အစိုးရအနေနဲ့ အလိမ်ခံရသူတွေကို ထိရောက်စွာမကူညီနိုင်သလို လိမ်တဲ့သူတွေကိုလည်း ထိရောက်စွာအရေးမယူနိုင်ဘူးဆိုပြီး ဝေဖန်မှုတွေလုပ်နေပါတယ်။ ထုံးစံအတိုင်းပေါ့။

တောင်ကိုရီးယားနိုင်ငံမှာ ဒီလိုမျိုး လိမ်လည်မှုအတွက် အမြင့်ဆုံးကျခံရမယ့် ပြစ်ဒဏ်က ထောင်ဒဏ် ၁၅ နှစ်လို့ သတ်မှတ်ထားတာရှိပါတယ်။

ကျွန်တော်တို့ရဲ့ဇာတ်လိုက်ကြီးပါ့ဆူးက သူအလိမ်ခံရတဲ့အဖြစ်အပျက်ကို အစအဆုံး ပြန်ပြောနိုင်သေးတယ်ဆိုတာ တော်တော်ကြီးကံကောင်းလို့ခင်ဗျ။ သူ့လိုမျိုးအလိမ်ခံရပေမယ့် စိတ်မခိုင်သူတွေကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြတယ်ခင်ဗျ။

ဒီလိုမျိုးအလိမ်ခံရမှုကြောင့် ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတဲ့သူအရေအတွက်က အနည်းဆုံးရှစ်ယောက်ရှိတယ်လို့တော့ တက်ကြွလှုပ်ရှားသူတွေကပြောတယ်ခင်ဗျ။

တချို့အိမ်ငှားမယ့်သူတွေဆိုရင် ပါ့ဆူးလိုမျိုး ငွေကိုလုံလုံလောက်လောက်မစုဆောင်းနိုင်တော့ ဘဏ်ကနေချေးငွေချေးရတယ်ခင်ဗျ။ ကြီးမြင့်လှတဲ့စပေါ်ပေးဖို့ပေါ့။

သူတို့ရဲ့စိတ်ကူးထဲမှာတော့ သူတို့ ဒီအိမ်ကနေပြန်ပြောင်းလို့ စပေါ်ငွေတွေပြန်ရမယ်ဆိုရင် ဘဏ်ကိုအကြွေးပြန်ဆပ်လိုက်မယ်ဟဲ့လို့တွေးထားကြတာပါ။

ဒါပေမဲ့ သူတို့သည်လည်း အိမ်ခြံမြေလူလိမ်တွေရဲ့ လက်ချက်မိသွားတဲ့အခါ စပေါ်တင်ထားသမျှ ငွေအားလုံးဟာ တက်တက်စင်အောင် ပြောင်သွားပါတော့တယ်။

အဲဒီအခါ အလိမ်ခံရသူတွေဟာ ဘဏ်မှာ အကြွေးတင်သွားပြန်ပါတယ်။ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုတဲ့မြန်မာစကားပုံလိုပေါ့ခင်ဗျာ။

သူတို့မှာ ရှိစုမဲ့စုငွေတွေလည်းအလိမ်ခံရ၊ ဘဏ်မှာလည်းအကြွေးတင်ရနဲ့ တော်တော်ကြီးကိုဘဝပျက်သွားတဲ့အခြေအနေနဲ့ ရင်ဆိုင်ရမှာမလွဲဧကန်ပဲခင်ဗျ။

တောင်ကိုရီးယားလွှတ်တော်ကတော့ အလိမ်ခံရသူတွေကို ကူညီပေးဖို့စဉ်းစားတဲ့အနေနဲ့ ပြီးခဲ့တဲ့နှစ်မှာဥပဒေတစ်ရပ်ကို အတည်ပြုထုတ်ပြန်လိုက်သေးတယ်ခင်ဗျ။

အဲဒါကတော့ စပေါ်ငွေအလိမ်ခံလိုက်ရတဲ့သူတွေကို နှစ်ရှည်ချေးငွေအနေနဲ့ နှစ် ၂၀ သက်တမ်းရှိချေးငွေတစ်ရပ်ထုတ်ချေးပေးဖို့ပါပဲ။ အစိုးရရဲ့အတိုးမဲ့ချေးငွေအနေနဲ့ပေါ့ခင်ဗျာ။

ဒါပေမဲ့လည်း စပေါ်ငွေအလိမ်ခံလိုက်ရသူတွေဟာ အစိုးရရဲ့အတိုးမဲ့ချေးငွေက သူတို့ယူထားတဲ့ဘဏ်ချေးငွေကိုတောင်မှ အားလုံးပြန်ဆပ်ဖို့မလောက်ဘူးလို့ ဆိုတယ်ခင်ဗျ။ တာဝန်ရှိသူတွေအနေနဲ့ လူလိမ်တွေကိုဖမ်းဆီးပြီး သူတို့ဆီကငွေတွေကို တောင်းပေးမှသာ ရမယ့်အနေအထားရှိတယ်ခင်ဗျ။

"အလိမ်ခံလိုက်ရတဲ့ငွေတွေအတွက် လူငယ်တွေကို နောက်ထပ်အနှစ် ၂၀ လုံးလုံး အကြွေးပြန်ဆပ်ခိုင်းတာဟာ သူတို့ကို အသက်ဆက်မရှင်တော့နဲ့လို့ ပြောလိုက်သလိုပါပဲ" ဆိုပြီး အလိမ်ခံရသူတစ်ဦးဖြစ်တဲ့ ဆန်းမိကပြောတယ်ခင်ဗျ။

နောက်ထပ်နည်းလမ်းတစ်ခုက လူမွဲခံယူလိုက်တဲ့အခြေအနေခင်ဗျ။ လူမွဲခံယူလိုက်တယ်ဆိုရင် တချို့သောအကြွေးတွေကို ဆပ်စရာမလိုတော့ဘူးပေါ့။

ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူတို့အပေါ်ယုံကြည်ရမယ့် တခြားသူတွေရဲ့ ယုံကြည်မှုကိုလည်းဆုံးရှုံးလိုက်ရတယ်လေ။ လူငယ်တွေအတွက်တော့ တစ်ဘဝစာ အမည်းစက်ကြီးထင်သွားသလိုပေါ့ခင်ဗျာ။

ဂျီအွန်ဆေးငရဲခန်းဆိုတဲ့ စာအုပ်ကို ရေးသားသူ ခွဲဂျီဆုကလည်း ဂျီအွန်ဆေးရဲ့သားကောင်ဖြစ်ခဲ့သေးတယ်ခင်ဗျ။ အဲဒီတုန်းက ပိုးဟပ်တွေနဲ့အတူဖက်နေရတဲ့ တိုက်ခန်းလေးကနေပြောင်းနိုင်ဖို့အတွက် ခွဲဂျီဆုက သူ့တစ်ဘဝလုံးစုဆောင်းလာသမျှငွေတွေအပြင် ဘဏ်ချေးငွေကိုပါယူပြီး စပေါ်တင်လိုက်ပါတယ်။

ဒါပေမဲ့ အဲဒီတိုက်ခန်းအသစ်မှာ သူနေနေတုန်းမှာပဲ တိုက်ခန်းကိုတခြားတစ်ယောက်က ဝယ်သွားတယ်။ သူ့ကို အိမ်ငှားပေးခဲ့တဲ့ အိမ်ရှင်ကတော့ သူ့ရဲ့စပေါ်ငွေတွေကိုယူပြီး ပျောက်သွားတယ်ပေါ့။ ခွဲဂျီဆုတစ်ယောက်ကတော့ အကြွေးတွေနဲ့နေရမယ့်ဘဝကိုရောက်သွားပါလေရော။

ခွဲဂျီဆုက သူ့ရဲ့ဘဏ်ချေးငွေကို ပြန်ဆပ်နိုင်ဖို့အတွက် အတိုးနှုန်းများပြားတဲ့ အကြွေးဝယ်ကတ်ကနေချေးငွေတွေရယူခဲ့ရသလို သူ့ရဲ့စတော့ရှယ်ယာတွေကိုလည်း ထုတ်ရောင်းခဲ့ရတယ်ခင်ဗျ။

ဒါ့အပြင် စားသောက်ဆိုင်တွေမှာ နေ့ဆိုင်း၊ ညဆိုင်းတွေလိုက်ဆင်းပြီး ငွေစုဖို့အတွက် ဈေးပေါတဲ့အစားအစာတွေကိုသာစားကာ အသက်ဆက်ခဲ့ရတယ်။

သူဟာ နေ့စဉ်ရက်ဆက်ပေါင်းများစွာ စားသုံးသူများအတွက် အရသာရှိတဲ့ ဟင်းလျာတွေကို ဖန်တီးပေးခဲ့ပေမယ့် သူ့ကိုယ်သူတော့ အသင့်စားခေါက်ဆွဲဘူး တစ်ဘူးတောင်မှ မသဒ္ဒါခဲ့ရှာပါဘူး။

"ကျွန်တော်ကဈေးပေါတဲ့ခေါက်ဆွဲခြောက်ဘူးကိုသာ အစာအဖြစ်စားခဲ့ရပေမယ့် အဲဒီလိုစားလိုက်တိုင်းမှာလည်း မျက်ရည်ကျမိတာအခါခါပါပဲဗျာ" ဆိုပြီး သူ့ရဲ့စာအုပ်ထဲမှာ ရေးထားတာတွေ့ရတယ်ခင်ဗျ။

တောင်ကိုရီးယားအတိုက်အခံပါတီဖြစ်တဲ့ ဒီမိုကရက်တစ်ပါတီကတော့ အစိုးရအနေနဲ့ အလိမ်ခံလိုက်ရတဲ့သူတွေကို သူတို့ရဲ့ စပေါ်ငွေတွေပြန်ပေးဖို့အတွက် တိုက်တွန်းတဲ့ ဥပဒေကြမ်းတစ်ရပ်ကို တင်သွင်းထားတယ်ခင်ဗျ။ ဒါပေမဲ့ ဒီဥပဒေဟာ အစိုးရအတွက် တော်တော်လေးကိုအကုန်အကျများမယ့် ဥပဒေဖြစ်နေပါတယ်။ အဲဒီဥပဒေကို မကြာခင်မဲခွဲဆုံးဖြတ်မှာပါ။

တကယ်တော့ ဒီလိုမျိုးလိမ်လည်မှုဆိုတာ တော်တော်လေးကိုလူမဆန်တဲ့လုပ်ရပ်လို့ပြောလို့ရတယ်ခင်ဗျ။ ချွေးနည်းစာလေးတွေ၊ ရှိစုမဲ့စုလေးတွေ၊ တခြားကနေချေးထားတဲ့ငွေလေးတွေ အလိမ်ခံလိုက်ရတာဟာ ဘဝတစ်ခုထူထောင်ဖို့ကြိုးစားနေတဲ့ လူငယ်လေးတွေအတွက်တော့ ဘဝကြီးပျက်သွားသလိုပါပဲခင်ဗျာ။ ။

*Ref: RL*

မော်စကို၊ စစ်ရေး

# NATO တပ်ဖွဲ့က ရုရှားအပေါ် နျူကလီးယားတိုက်ခိုက်မှုများလုပ်ရန်ပြင်ဆင်နေဟုဆို



NATO တပ်ဖွဲ့ဝင်နိုင်ငံများသည် ရုရှားနိုင်ငံအပေါ် နျူကလီးယားတိုက်ခိုက်မှုများလုပ်ရန် ပြင်ဆင်နေကြောင်း ရုရှားထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးကသတိပေးသည်။

ရုရှားထောက်လှမ်းရေးတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးနှင့် နယ်ခြားစောင့်တပ်ဖွဲ့ တပ်မှူး ဗလာဒီမာကူလီရှော့က ၎င်းတို့တပ်ဖွဲ့အနေဖြင့် ရင်ဆိုင်ရန်ပြင်ဆင်မှုများလုပ်နေရသည့် ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

"NATO တပ်ဖွဲ့အနေနဲ့ ရုရှားနယ်စပ်မှာ ထောက်လှမ်းရေးလုပ်မှုတွေက မြင့်တက်လာပါတယ်။ သူတို့က စစ်ရေးလေ့ကျင့်မှုတွေကိုလည်း တိုးမြှင့်လုပ်ဆောင်နေပါတယ်။ အဲဒီလိုစစ်ရေးလေ့ကျင့်မှုတွေထဲမှာ ရုရှားနယ်မြေအပေါ် နျူကလီးယားတိုက်ခိုက်မှုများလုပ်ဆောင်ရန်ပြင်ဆင်နေမှုများလည်း ပါဝင်ပါတယ်" ဟု ၎င်းက မေလ ၂၈ ရက်တွင်ပြောသည်။

NATO တပ်ဖွဲ့က နျူကလီးယားလက်နက်ပိုင်ဆိုင်မှုမရှိသောနိုင်ငံများ၌ နျူကလီးယားလက်နက်များသိုလှောင်သိမ်းဆည်းထားမှုအပေါ် ရုရှားကပြင်းထန်စွာဝေဖန်ထားပြီးဖြစ်သည်။

ထို့ပြင် စစ်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင် နျူကလီးယားလက်နက်များကို မည်ကဲ့သို့ဖြန့်ကြက်အသုံးပြုမည်နှင့် လေ့ကျင့်ခန်း၌ အိမ်ရှင်နိုင်ငံများကပါဝင်ခြင်းမရှိမှုအပေါ် ရုရှားနိုင်ငံက စိုးရိမ်နေခြင်းဖြစ်သည်။

အလားတူ အမေရိကန်ဦးဆောင်သော NATO တပ်ဖွဲ့၏လှုပ်ရှားမှုများသည် ရုရှားနိုင်ငံကိုတိုက်ရိုက်ဦးတည်နေသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ၂၀၂၂ ခုနှစ် ဇန်နဝါရီလကတည်းက သတိပေးထားသည်။

ယခုအခါ ရုရှားသမ္မတဗလာဒီမာပူတင်က မဟာဗျူဟာမြောက်မဟုတ်သော နျူကလီးယားလက်နက်များ၏ စွမ်းရည်ကိုသိရှိနိုင်စေရေးအတွက် စမ်းသပ်မှုများလုပ်ဆောင်ရန်ညွှန်ကြားထားသည်။

***Ref: RT***

ဒိုဟာ၊ စစ်ရေး

# အိန္ဒိယသမုဒ္ဒရာနှင့်ပင်လယ်နီအတွင်းရှိ အမေရိကန်နှင့်အစ္စရေးသင်္ဘောများကို ဟူသီတို့တိုက်ခိုက်

အိန္ဒိယသမုဒ္ဒရာနှင့် ပင်လယ်နီအတွင်းရှိ အမေရိကန်နှင့်အစ္စရေးတို့၏သင်္ဘောများကို ဟူသီတို့ကတိုက်ခိုက်ကြောင်း ထိုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။


အဆိုပါတိုက်ခိုက်မှုများကို ယီမင်၏ရေတပ်နှင့် ဒုံးတပ်ဖွဲ့တို့နှင့်အတူ ပူးတွဲလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အမေရိကန်ကုန်တင်သင်္ဘောတစ်စင်း၊ အစ္စရေးကုန်တင်သင်္ဘောတစ်စင်း၊ ပင်လယ်နီအတွင်းရှိရေနံတင်သင်္ဘောတစ်စင်းတို့ကို တိုက်ခိုက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောသည်။

ထို့ပြင် ဟူသီအဖွဲ့သည် ပင်လယ်နီအတွင်းရှိ အမေရိကန်တို့၏ဖျက်သင်္ဘောနှစ်စင်းကိုလည်း ဒရုန်းများအသုံးပြုကာ အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

ဂါဇာကမ်းမြောင်ဒေသအတွင်း တိုက်ခိုက်မှုများမရပ်မချင်း အစ္စရေးနှင့်ဆက်စပ်နေသည့် မည်သည့်သင်္ဘောကိုမဆို တိုက်ခိုက်မှုများလုပ်သွားမည်ဟု ဟူသီအဖွဲ့က ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကတည်းက ကတိပြုထားသည်။

ဟူသီတို့၏ခြိမ်းခြောက်မှုကိုတုံ့ပြန်သည့်အားဖြင့် အမေရိကန်နှင့်မဟာမိတ်တပ်ပေါင်းစုက ပင်လယ်နီအတွင်းရှိ၎င်းတို့၏ သင်္ဘောများကိုကာကွယ်ရန် ပူးတွဲတန်ပြန်တိုက်ခိုက်မှုများကိုလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

***Ref: Sputnik***



ဒဗ္ဗလင်၊ စစ်ရေး

# ယူကရိန်း၏ဆုံးရှုံးမှုပမာဏ အံ့အားသင့်ဖွယ်ကောင်းဟုဆို



ရုရှားနှင့်ဖြစ်ပွားနေသော ပဋိပက္ခအတွင်း ယူကရိန်းတပ်မတော်၏ဆုံးရှုံးမှုပမာဏက အံ့အားသင့်ဖွယ်ကောင်းလောက်အောင်များပြားကြောင်း အိုင်ယာလန်သတင်းထောက်တစ်ဦးက ဝန်ခံလိုက်သည်။

ယူကရိန်းအနေဖြင့် စစ်မြေပြင်၌စစ်သည်အများအပြားသေဆုံးမှုကို ဖုံးကွယ်ထားကြောင်း၊ အနောက်အုပ်စုမှမီဒီယာများကလည်းကြံရာပါအနေဖြင့် ဖုံးဖိပေးထားကြောင်း အိုင်ယာလန်သတင်းထောက်က လူမှုကွန်ရက်တွင်ရေးတင်ထားသည်။

ရုရှားနှင့်ယူကရိန်းတို့ကြား ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ယူကရိန်းဘက်ကသေဆုံးသူပမာဏမှာ ၃၁၀၀၀ ခန့်ရှိသည်ဟု ယူကရိန်းသမ္မတ၏ ဖေဖော်ဝါရီလတွင်ပြောဆိုမှုကိုကိုးကား၍ အဆိုပါသတင်းထောက်က ပြောထားသည်။

ထို့ပြင် စစ်မြေပြင်၌ ရုရှားတပ်ဖွဲ့များက အောင်မြင်မှုပိုမိုရရှိနေကြောင်း၊ ယူကရိန်းတို့၏နေရာအများအပြားကို သိမ်းပိုက်ထားနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

ရုရှားတပ်မတော်အနေဖြင့် ရန်သူအပေါ် အဆက်မပြတ်ပစ်ခတ်မှုများလုပ်ခြင်းအားဖြင့် ရန်သူများခံစစ်စည်းတွင်နေရာမယူနိုင်စေရန်လုပ်ဆောင်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဟောင်း ဆာဂျီရှိုင်ဂူကပြောဖူးသည်။

အလားတူ ယူကရိန်းဘက်ကဆုံးရှုံးမှုအနေဖြင့် စစ်သည်အင်အား ၇၁၀၀၀ ကျော်ရှိသည်ဟု ဆာဂျီရှိုင်ဂူက မတ်လတွင်ပြောထားကြောင်းသိရသည်။ ***Ref: Sputnik***

ဂျေရုဆလင်၊ စစ်ရေး

# အစ္စရေးက ရာဖာမြို့ကိုတိုက်ခိုက်ရာတွင် တိကျသောလက်နက်များကိုအသုံးပြုခဲ့ဟု အမေရိကန်ထံသတင်းပို့



အစ္စရေးက ၎င်းတို့အနေဖြင့် ရာဖာမြို့ကိုတိုက်ခိုက်ရာတွင် တိကျသောလက်နက်များကိုသာ အသုံးပြုခဲ့ကြောင်း အမေရိကန်အစိုးရထံသတင်းပို့သည်။

သို့သော် တိုက်ခိုက်မှုသည် ပါလက်စတိုင်း စစ်ဘေးဒုက္ခသည်များနေထိုင်ရာစခန်းအတွင်းထိမှန်ပြီး ပေါက်ကွဲမှုများက ဆီတိုင်ကီတစ်လုံးသို့မီးကူးစေကာ မီးလောင်မှုဖြစ်ပွားသည်။

အစ္စရေးတို့၏အဆိုပါတိုက်ခိုက်မှုအတွင်း အနည်းဆုံးလူ ၄၀ သေဆုံးပြီး ဒါဇင်ပေါင်းများစွာဒဏ်ရာရရှိကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများကပြောသည်။

အစ္စရေးက မေလ ၂၆ ရက်တွင် လုပ်ဆောင်သော အဆိုပါတိုက်ခိုက်မှုသည် ဝမ်းနည်းစရာကောင်းသော မတော်တဆထိခိုက်မှုသာဖြစ်ကြောင်းနှင့် ထိုကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေကြောင်း အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုကပြောသည်။

နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံးက အစ္စရေးတာဝန်ရှိသူများကို ဖမ်းဝရမ်းထုတ်ကာ တိုက်ခိုက်မှုများရပ်တန့်ရန်တောင်းဆိုပြီးနောက်တစ်နေ့တွင် အစ္စရေးဘက်က ရာဖာမြို့အပေါ် ထပ်မံတိုက်ခိုက်ခြင်းဖြစ်ကြောင်းသိရသည်။

***Ref: Sputnik***

နယူးဒေလီ၊ အကြမ်းဖက်မှု

# အိန္ဒိယရှိခရီးသည်တင်လေယာဉ်တစ်စင်းပေါ်၌ ဗုံးခွဲမည်ဟုခြိမ်းခြောက်မှုဖြစ်ပွား

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ဗာရာဏသီမြို့သို့ထွက်ခွာမည့် ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်၌ ဗုံးခွဲမည်ဟုခြိမ်းခြောက်မှုဖြစ်ပွားသောကြောင့် ခရီးသည်များကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးလိုက်ရသည်။

လေယာဉ်မှူးသည် အိမ်သာအတွင်းဝင်စဉ် တစ်သျှူးပေါ်၌ရေးထားသည့် "မိနစ် ၃၀ အတွင်း ဗုံးပေါက်ကွဲမည်" ဟူသော ခြိမ်းခြောက်စာတစ်စောင်ကိုတွေ့ရှိပြီးနောက် ခရီးသည်များကိုဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးလိုက်ခြင်းဖြစ်သည်။

ထို့နောက် ဗုံးရှင်းလင်းရေးအဖွဲ့များရောက်ရှိလာကာ စစ်ဆေးမှုများလုပ်ဆောင်သော်လည်း မည်သည့်သံသယဖြစ်ဖွယ်ပစ္စည်းမျှမတွေ့ရကြောင်း တာဝန်ရှိသူများကပြောသည်။

ခရီးသည် ၁၇၆ ဦးစလုံးကိုမူ အရေးပေါ်တံခါးပေါက်မှဆင်းစေပြီး အခြားလေယာဉ်တစ်စင်းပေါ်သို့ ပြောင်းတင်ပေးလိုက်ရသည်ဟု လေကြောင်းလိုင်းကပြောသည်။

***Ref: RT***

ဘာလင်၊ ဘောလုံး

## ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဥရောပရွှေဖိနပ်ဆုကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟယ်ရီကိန်း ဆွတ်ခူးရရှိ



၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဥရောပသွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက ဆွတ်ခူးရရှိကြောင်း သိရသည်။

အသက် ၃၀ အရွယ် ဟယ်ရီကိန်းသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဆုဖလား ဆွတ်ခူးနိုင်ခြင်းမရှိခဲ့သော်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၃၂ ပွဲကစားခဲ့ပြီး သွင်းဂိုး ၃၆ ဂိုးသွင်းယူနိုင်ပြီးနောက် ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးရရှိခြင်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ရွှေဖိနပ်ဆုကို ရမှတ်များဖြင့်သတ်မှတ်ကာ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ကစားနေသည့် ကစားသမားများအနေဖြင့် သွင်းဂိုးတစ်ဂိုးလျှင် ရမှတ်နှစ်မှတ်သတ်မှတ်ထားသည့်အတွက် ဟယ်ရီကိန်းက သွင်းဂိုး ၃၆ ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ရမှတ် ၇၂ မှတ်အထိရရှိကာ ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဟယ်ရီကိန်း၏နောက်တွင် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး အမ်ဘတ်ပီက ၂၆ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ရမှတ် ၅၂ မှတ်ဖြင့် ဒုတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ဟယ်ရီကိန်းသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် သက်ဆိုင်ရာလိဂ်များ၏ သွင်းဂိုးအများဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ဥရောပရွှေဖိနပ်ဆုကို ပထမအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ဥရောပရွှေဖိနပ်ဆုအပြင် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲပါဝင်ကစားခဲ့ရာတွင် ၄၄ ဂိုးအထိသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

***Ref;B/R Football***

လန်ဒန်၊ ဘောလုံး

## ဆောက်သမ်တန်အသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာပြီးနောက် ဘယ်လစ်ကို အပြီးသတ်ခေါ်ယူ

ဆောက်သမ်တန်အသင်းက လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာပြီးနောက် မန်စီးတီးအသင်းထံမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် လူငယ်ကစားသမား ဘယ်လစ်ကို အပြီးသတ်ခေါ်ယူခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဘယ်လစ်ကို မန်စီးတီးအသင်းထံမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားခြင်းဖြစ်ပြီး ကလပ်အသင်းနှစ်သင်းကြား စာချုပ်ချုပ်ဆိုစဉ်ကတည်းက ဆောက်သမ်တန်အသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာပါက ဘယ်လစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ခေါ်ယူခွင့်ရှိမည်ဟူသည့်အချက်ပါရှိသောကြောင့် ဆောက်သမ်တန်အသင်းအနေဖြင့် ဘယ်လစ်ကို အပြီးသတ်ခေါ်ယူခွင့်ရရှိခြင်းဖြစ်သည်။

ဘယ်လစ်သည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကလည်း ဘန်လေအသင်းတွင် အငှားစာချုပ်ဖြင့်ကစားခဲ့ရာ ဘန်လေအသင်း တန်းတက်ခွင့်ရရှိခဲ့ပြီး ယခုအခါ ဆောက်သမ်တန်အသင်းတွင်ကစားပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်နိုင်ခဲ့ကြောင်း သိရသည်။

***Ref;Sky Sports***

မန်ချက်စတာ၊ ဘောလုံး

## မန်ယူအသင်းက တိုက်စစ်မှူးမာရှယ်နှင့်လမ်းခွဲကြောင်း ကြေညာပြီးနောက် ကလပ်အသင်းလက်မဲ့ကစားသမားတစ်ဦးဖြစ်လာ

မန်ယူအသင်းက တိုက်စစ်မှူး မာရှယ်နှင့်လမ်းခွဲကြောင်းအတည်ပြုကြေညာပြီးနောက် ကလပ်အသင်းလက်မဲ့ကစားသမားတစ်ဦးဖြစ်လာခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် မာရှယ်သည် မိုနာကိုအသင်း၌ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိခြေစွမ်းပြနိုင်ခဲ့ပြီး ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ်သတ်မှတ်ခံခဲ့ရကာ ကမ္ဘာ့အကောင်းဆုံး လူငယ်ကစားသမားဆုကိုပင်ဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်က မိုနာကိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အစောပိုင်းနှစ်များက ခြေစွမ်းပြနိုင်ခဲ့ကာ နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

မာရှယ်သည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းမှ ဆီဗီလာအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာ ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသည့်အတွက် မန်ယူအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ရပြီး လာမည့်ဇွန်လကုန်မှသာ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း မန်ယူအသင်းက လမ်းခွဲကြောင်း အတည်ပြုကြေညာခဲ့သည်။

မာရှယ်က အသင်းနှင့်လမ်းခွဲခဲ့ကြောင်း အတည်ပြုကြေညာပြီးနောက် "မန်ယူအသင်းပရိသတ်တွေကို ကျွန်တော် ကျေးဇူးတင်စကားပြောကြားလိုပါတယ်။ ကျွန်တော်နှုတ်မဆက်လိုပေမယ့် အခုတော့နှုတ်ဆက်ခဲ့ရပါပြီ။ ကျွန်တော် ဒီအသင်းမှာ ကိုးနှစ်တာကာလ ကျော်ဖြတ်ခဲ့ရပါတယ်။ အခုတော့ ကျွန်တော့်ဘဝရဲ့ စာမျက်နှာသစ်ရေးထိုးဖို့ အချိန်ကျပါပြီ"ဟုပြောကြားခဲ့ကြောင်း သိရသည်။ ***Ref;Fabrizio Romano***

မက်ဒရစ်၊ ဘောလုံး

## စပိန်အသင်းနည်းပြ လူးဝစ်ဒီလာဖွန်တီက ယူရို ၂၀၂၄ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကစားမည့် အသင်း၏ကစားသမားစာရင်းကို အတည်ပြုကြေညာ

စပိန်အသင်းနည်းပြ လူးဝစ်ဒီလာဖွန်တီသည် ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် အပြီးသတ်ကစားသမားစာရင်းကို အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

စပိန်အသင်း၏ ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် ကစားသမားစာရင်းတွင် ဘာစီလိုနာအသင်း၌ ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် အဓိကကွင်းလယ်ကစားသမားဂါဗီ ချန်လှပ်ခံခဲ့ရသည်။

နည်းပြလူးဝစ်ဒီလာဖွန်တီ၏ ယူရို ၂၀၂၄ ပြိုင်ပွဲဝင်ရောက်ကစားမည့် စပိန်အသင်းကစားသမားစာရင်းတွင် ဂိုးသမားနေရာ၌ ဒေးဗစ်ရိုင်ယာ၊ ဆိုင်မွန်၊ ရီမီယို၊ ခံစစ်ကစားသမားနေရာ၌ လာပေါ့၊ ကျူဘာစီ၊ နော်မန်း၊ နာချိုဖာနန်ဒက်စ်၊ ကာဗာဂျယ်၊ ဂရီမယ်ဒို၊ ဂျီးဆပ်နာဗက်၊ ဗီဗီအန်၊ ကူကူရယ်လာ၊ ကွင်းလယ်ကစားသမားနေရာ၌ ရိုဒရီ၊ ဇူဘီမန်ဒီ၊ မီခေးမာရီနို၊ ဖေဘီယန်ရုဇ်၊ ပက်ဒရီ၊ လိုပက်ဇ်၊ အလက်ဆစ်ဂါစီယာ၊ ဘေနာ၊ လောရန်တီ၊ တိုက်စစ်ကစားသမားနေရာ၌ မိုရာတာ၊ ယာမယ်၊ နီကိုဝီလီယံ၊ အိုလမ်မို၊ မီခေးလ်အိုယာဘယ်ဇာ၊ ဂျိုဆေးလူမာတို၊ ဖာရန်တောရက်စ်နှင့် ပီရက်ဇ်တို့ပါဝင်ခဲ့ကြသည်။

စပိန်အသင်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အုပ်စု (B)၌ အယ်လ်ဘေးနီးယား၊ ခရိုအေးရှား၊ အီတလီတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဇွန်လ ၁၅ ရက်တွင် ခရိုအေးရှား၊ ဇွန်လ ၂၀ ရက်တွင် အီတလီ၊ ဇွန်လ ၂၅ ရက်တွင် အယ်လ်ဘေးနီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

***Ref;Goal.com***



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ဝိုင်းမော်မြို့နယ်အတွင်းမှ ထပ်မံတိမ်းရှောင်လာသော ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းဆောင်ရွက်



မြစ်ကြီးနား မေ ၂၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်း ဝန်ထမ်းသားသမီးများ ပညာသင် ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် အထောက်အကူဖြစ်စေရန် နှစ်စဉ်နှစ်တိုင်း ဝန်ထမ်းသားသမီးများကို ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ သားသမီးများကို လိမ္မာရေးခြားရှိပြီး ထူးချွန်ထက်မြက်သည့်ပညာတတ်မျိုးဆက်သစ်များဖြစ်လာအောင် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ပံ့ပိုးကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပညာသင်နှစ်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၁၃၀၀၀၀၀နှင့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ လွယ်အိတ်၊ ထီး၊ ဝတ်စုံစသည့် ပစ္စည်းတန်ဖိုး ၁၆၃၈၀၀၀ဖြင့် စုစုပေါင်းပစ္စည်းနှင့်ငွေသားတန်ဖိုး၂၉၃၈၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး ပြည်နယ်စီးပွားရေးရာ ဝန်ကြီး၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဇနီးတို့က အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူလတန်းကြိုများအတွက် ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ စုစုပေါင်းကျောင်းသားဦးရေ ၂၀၀ တို့အတွက် ပစ္စည်းနှင့်ငွေသားတန်ဖိုး စုစုပေါင်းငွေကျပ် ၁၅၀၄၇၅၀၀ ကို ပေးအပ်ကြရာ ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးမနောရွှေပြည်ခန်းမ၌ ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေမတည်ငြိမ်မှုဖြစ်စဉ်များကြောင့် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များရှိဘာသာရေးကျောင်းဝင်းများ၌ ယာယီတိမ်းရှောင်နေထိုင်လျက်ရှိသည့် မိသားစုများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့်ပြည်နယ်အစိုးရအဖွဲ့တို့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ပြည်နယ်ဝန်ကြီးချုပ်က မိသားစုများအနေဖြင့် စိတ်ပျက်အားလျော့မှု မထားဘဲ အကောင်းဆုံးရင်ဆိုင်ပြီး လိုအပ်သည်များကို မိမိတို့အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းကျော်ဖြတ်ရမည် ဖြစ်ကြောင်း၊ ယနေ့ အတတ်နိုင်ဆုံးလာရောက်ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည့်အပြင် ယာယီခိုလှုံနေထိုင်ရာနေရာများရှိ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့ပေါ် ဘာသာရေးကျောင်းဝင်းများ၊ မိဘမဲ့ဂေဟာနှင့် IDP စခန်းများတွင် ထပ်မံလာရောက် တိမ်းရှောင်နေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၃၄၁ စု၊ လူဦးရေ ၁၅၁၃ ဦးတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန် ၂၄ ပြည်ပါ ဆန်အိတ်ပေါင်း ၃၄၁ အိတ်နှင့် ပြည်နယ်အစိုးရအဖွဲ့က ခေါက်ဆွဲခြောက်ဖာ ၃၄၁ဖာတို့ကို ထောက်ပံ့ပေးအပ်ကြသည်။(ဓါတ်ပုံ)

ယင်းနောက် အိမ်ထောင်စုများက ယာယီခိုလှုံနေထိုင်ရာနေရာများတွင် ယာယီအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးရေး၊ အဆောင်ဟောင်းများ ပြုပြင်ပေးနိုင်ရေး၊ သားသမီးငယ်များ ကျောင်းအပ်နှံနိုင်ရေး၊ ကျန်းမာရေးနှင့် သောက်သုံးရေလိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# တစ်ကမ္ဘာလုံး၌ မြန်မာတွင်သာရှိပြီး စုစုပေါင်းခန့်မှန်းအကောင်ရေ ၃၀၀ ဝန်းကျင်သာ ကျန်ရှိတော့သည့် ပုပ္ပားမျောက်မြီးရှည်များကို ထိန်းသိမ်းရန် လှုံ့ဆော်သည့်အနေဖြင့် လေ့လာရေးခရီးထွက်မည်

ရန်ကုန် မေ ၂၈

တစ်ကမ္ဘာလုံး၌ မြန်မာတွင်သာရှိပြီး စုစုပေါင်းခန့်မှန်းအကောင်ရေ ၃၀၀ ဝန်းကျင်သာ ကျန်ရှိတော့သည့် ပုပ္ပားမျောက်မြီးရှည်များကို ထိန်းသိမ်းရန် လှုံ့ဆော်သည့်အနေဖြင့် လေ့လာရေးခရီးထွက်မည်ဖြစ်ကြောင်း ခရီးစဉ်ကိုစီစဉ်သူ မဟာဂီရိအဖွဲ့မှ ကိုတင်ကိုမင်းထံမှ သိရသည်။

ပုပ္ပားမျောက်မြီးရှည် လေ့လာရေးနေ့အဖြစ် ဇွန် ၄ ရက် နံနက် ၆ နာရီ မှ ညနေ ၆ နာရီအထိ ပုပ္ပားတောင်ဘူမိဥယျာဉ်ဒေသက ပုပ္ပားမျောက်မြီးရှည်များ ကျက်စားရာ နေရာတစ်ခုစီတွင် ငါးယောက်တစ်ဖွဲ့ဖြင့် လေ့လာမည်ဖြစ်ကာ အဆိုပါ လေ့လာရေးခရီးစဉ်တွင် လူ ၁၀ ဦးကို ဝန်ဆောင်ခ အခမဲ့ဖြင့် လေ့လာခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

“လက်ရှိကတော့ ကျွန်တော်တို့မှာလည်းရန်ပုံငွေနည်းတဲ့အတွက် လေ့လာရေးနေ့အဖြစ် ၁၀ယောက်ပဲ လက်ခံထားတယ်။ ပုပ္ပားမျောက်မြီးရှည်လေးတွေကျက်စားရာ နေရာတစ်ခုစီမှာ ငါးယောက်တစ်ဖွဲ့လေ့လာကြပါမယ်။ စိတ်ဝင်စားမှုတော့ရှိတယ်။ ဧည့်သည်တွေကို လှုံ့ဆော်တဲ့အခါ ဒီလိုမျောက်သားရောင်းတဲ့ဟာကိုမစားဖို့၊ အားမပေးဖို့၊ ဖမ်းပြီးမမွေးဖို့ သူတို့ စားကျက်မြေအင်အားနည်းနေတာတွေအတွက် သူတို့စားတဲ့သီးပင်၊ စားပင်တွေကို စိုက်တာ၊ တကယ်လို့ သူတို့စားတဲ့ သီးပင်၊ စားပင်တွေကို ဒေသအဖွဲ့အစည်းကနေ ခုတ်နေတယ်ဆိုရင်လည်း ဒီအပင်တွေကို မထိအောင် ဘာလုပ်ပေးရမလဲဆိုတာမျိုးလုပ်ရမှာပေ့ါ။ ဘာလို့လဲဆိုတော့ တစ်ကမ္ဘာလုံးမှာမှ အကောင် ၃၀၀လောက်ပဲ ကျန်တယ်။ ပြီးတော့ ရှားပါးမျိုးစိတ်ဖြစ်နေပြီး မြန်မာနိုင်ငံမှာပဲရှိတဲ့အတွက်ရည်ရွယ်ချက်ကတော့ ထိန်းသိမ်းရေးအတွက် လှုံ့ဆော်တာပါ”ဟု ကိုတင်ကိုမင်းက ပြောကြားသည်။

ပုပ္ပားမြောက်မြီးရှည်နှင့်ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာကို ကြေညာခဲ့ပြီးနောက် ထိန်းသိမ်းရန် လှုံ့ဆော်လေ့လာရေးအနေဖြင့် ပြီးခဲ့သည့်နှစ် ဇွန် ၄ရက်တွင် ပထမဆုံးအကြိမ်အနေဖြင့် ဆောင်ရွက်ခဲ့ကာ ယခုနှစ်လာမယ့် ဇွန် ၄ ရက်တွင် ဒုတိယအကြိမ်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၁ ရက်ကို နှစ်စဉ်ပုပ္ပားမျောက်မြီးရှည်ထိန်းသိမ်းရေးနေ့ဟူ၍ သတ်မှတ်ဆောင်ရွက်နေကြောင်းလည်း ၎င်းက ရှင်းပြသည်။

အဆိုပါမျောက်မျိုးစိတ်များမှာ သစ်တောများပြုန်းတီးလာခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းကြောင့် ကျက်စားရာဒေသများ ပျောက်ဆုံးမှုများရှိလာသကဲ့သို့ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခြင်း၊ ဖမ်းဆီးသတ်ဖြတ်သည့်အန္တရာယ်များ ရင်ဆိုင်နေရကြောင်း ကိုတင်ကိုမင်းက ပြောသည်။

“အဓိကက အမေကိုလိုက်တယ်၊ အမေသေသွားတဲ့အချိန်မှာ ရင်ဝယ်ပိုက်ကလေးကျန်တယ်။ အဲဒါကို ရောင်းစားတာရှိတယ်။ ကျန်ခဲ့တဲ့ ကလေးကိုသနားတဲ့သူတွေက သနားပြီး မွေးလိုက်ရော။ အဲဒါတွေကလည်းမမွေးသင့်တဲ့ အကြောင်းရင်းပဲ။ တချို့ကကျတော့ အဲဒီလိုဝယ်တဲ့သူရှိတော့ အမဲကထပ်လိုက်ပြန်ရော၊ အဲဒါတွေလည်းမမွေးသင့်ပါဘူး။ တောထဲမှာနေတာကို တောထဲမှာ ပြန်လွှတ်ပေးထားတာ အကောင်းဆုံးပါပဲ”ဟု ဆိုသည်။



MT

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

“ အသိပေးကြေညာချက် ”

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

# တစ်ခါစစ်သားဖြစ်ခဲ့ဖူးလျှင် ထာဝရစစ်သားဖြစ်သည်

**ပြည်သူ့စစ်မှုထမ်းများအနေဖြင့်လည်း တပ်မတော်တွင်တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း စစ်ပညာသင်ကြားလေ့ကျင့်ခဲ့ရမှု အတွေ့အကြုံများ၊ သင်တန်းပြီးဆုံးချိန်တွင်ပေးအပ်သည့်တာဝန်များကို မြန်မာနိုင်ငံ၏နေရာဒေသမရွေးသို့သွားရောက်၍ ကျေပွန်စွာထမ်းဆောင်ရင်းတွေ့ကြုံရမည့် စစ်မှုထမ်းဘဝအမှတ်တရများကို နောင်တစ်ချိန်တွင် သတိတရပြန်လည်ပြောဆိုကြမည်ဖြစ်သည်။ ထိုအခါ "တစ်ခါစစ်သားဖြစ်ခဲ့ဖူးလျှင် ထာဝရစစ်သားဖြစ်သည်" ဟူသော ယုံကြည်ချက်၊ ခံယူချက်များနိုးကြားလာပြီး တပ်မတော်ကိုချစ်မြတ်နိုးစိတ်၊ အမိနိုင်ငံတော်ကြီးကိုအသက်ပေး၍ ကာကွယ်လိုစိတ်များ ထာဝစဉ်ကိန်းအောင်းလာစေမည်ဖြစ် . . .**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားများကို ၂၀၂၄ ခုနှစ် မေလ ၁၄ ရက်တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများတွင် အသီးသီး ပြုလုပ်ခဲ့သည်။ ပြည်သူ့စစ်မှုထမ်းရန် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူ နိုင်ငံ့သားကောင်းရတနာများသည် တပ်မတော်မှထုတ်ပေးသော စစ်ဝတ်တန်ဆာပလာများကိုဝတ်ဆင်ကာ လန်းဆန်းတက်ကြွစွာ သင်တန်းတက်ရောက်ရန် ပြင်ဆင်နေကြသည်ကို မြင်တွေ့ရသည်။ အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ကာ သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ခြင်း၊ သင်တန်းသားများအတွက် နေရာထိုင်ခင်း၊ စားသောက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေး၍ လိုအပ်ချက်များအားဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်နေပုံများကို တီဗွီဖန်သားပြင်ပေါ်မှကြည့်ရှုရင်း လွန်ခဲ့သောနှစ် ၃၀ ကာလအတွေးပုံရိပ်များက ကျွန်တော်၏စိတ်အစဉ်ဝယ် အစီအရီပေါ်ပေါက်လာသည်။ ၁၉၉၄ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကိုအောင်မြင်ခဲ့သော ကျွန်တော်သည် တက္ကသိုလ်ပညာကို ဆက်လက်မသင်ကြားတော့ဘဲ ရည်မှန်းထားသော တပ်မတော်သားဘဝကို ခံယူရန်အတွက် အသက် ၁၉ နှစ်အရွယ် ၁၉၉၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် တပ်မတော်တွင်းသို့ ဝင်ရောက်ခဲ့သည်။ တပ်မတော်သားတစ်ယောက်ဖြစ်ရန် လိုအပ်သောသတ်မှတ်ချက်များ၊ ကျန်းမာရေးဆေးစစ်ခြင်းများအောင်မြင်ခဲ့၍ ၎င်းနှစ်ဖေဖော်ဝါရီလတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ လေ့ကျင့်ရေးတပ်သို့ ကျွန်တော်အပါအဝင် တပ်သားသစ် ၂၅၀ ဦးသည် သင်တန်းတက်ရောက်ရန် ရောက်ရှိခဲ့သည်။ အရပ်သားဘဝမှ တပ်မတော်သားဘဝသို့ စတင်ကူးပြောင်းပြီဖြစ်၍ ဆံပင်ပုံစံကစပြီး သတ်မှတ်ပုံစံအတိုင်းညှပ်ရသည်။ အခြေခံတပ်သားသစ်သင်တန်းဖွင့်ပွဲနေ့တွင် စစ်ဝတ်စုံကိုစတင်ဝတ်ဆင်၍ တစ်ဦးလက်ကိုတစ်ဦးကိုင်ကာ သင်တန်းအိပ်ဆောင်မှ သင်တန်းဖွင့်ပွဲပြုလုပ်မည့်ခန်းမသို့ အတွဲ၊ အတန်းမပျက်သွားရောက်ခဲ့ကြရသည်ကို ယနေ့တိုင်မြင်ယောင်နေမိသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားပြီးနောက် ရက်သတ္တပတ်အလိုက် စစ်ရေးပြအခြေခံများသင်ကြားရပြီး လက်နက်ငယ်သင်ခန်းစာများလည်း သင်ကြားရသည်။

စစ်ပညာရပ်များကို စတင်သင်ကြားရစဉ်ကလိုက်ပါလုပ်ဆောင်ရာတွင် အခက်အခဲကိုယ်စီရှိခဲ့ကြသော်လည်း သင်တန်းကာလကြာမြင့်လာသည်နှင့်အမျှ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများအကြားတွင် အချိတ်အဆက်မိမိဖြင့် သင်ခန်းစာများကို လိုက်ပါလုပ်ဆောင်လာနိုင်ကြသည်။ စစ်ရေးပြသင်ခန်းစာများ၊ လက်နက်ငယ်ဘာသာရပ်များ၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှုသင်ခန်းစာများ၊ နံနက်၊ ညနေကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စနေ၊ တနင်္ဂနွေရက်များမှအပ လေ့ကျင့်ခဲ့ရသောကြောင့် ခန္ဓာကိုယ်နှင့်စိတ်ဓာတ်ကြံ့ခိုင်မှုများရရှိလာပြီး အဖွဲ့အစည်းနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ၊ အချင်းချင်းရိုင်းပင်းကူညီတတ်သည့် ရဲဘော်စိတ်များထားရှိတတ်လာသည်။ နည်းပြဆရာများ၏ သင်ကြားပို့ချမှုအောက်တွင် အခြေခံစစ်ပညာရပ်များကိုနာယူမှတ်သားရင်း တပ်မတော်သားဘဝတွင် လိုက်နာကျင့်ကြံရမည့် စစ်သည်တော်ကျင့်ဝတ်အပါး (၆၀)ကိုလည်း လေ့လာကျက်မှတ်ကာ လိုက်နာကျင့်ကြံခဲ့ရသည်။

သင်တန်းကာလပြီးဆုံးသောအခါ တပ်မတော်သားဘဝကိုခံယူရန်အတွက် သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်အလံကိုကိုင်ဆောင်ကာ ကျမ်းသစ္စာကျိန်ဆိုခဲ့ရသည်။ တပ်မတော်သားဘဝဖြင့်ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်အတွက် တာဝန်ကျရာတပ်အသီးသီးသို့ သွားရောက်ကာ ကျရာကဏ္ဍမှတာဝန်ထမ်းဆောင်ခဲ့ကြသည်။

ထိုခေတ်ကာလက တပ်မတော်တွင်းသို့ ယုံကြည်ချက်၊ ခံယူချက်အမျိုးမျိုးဖြင့် မိမိသဘောဆန္ဒအလျောက်ဝင်ရောက်ခဲ့ကြသော ကျွန်တော်တို့တစ်တွေသည် ယခုအခါ အသက် ၄၉၊ ၅၀ နှစ်တွင်းသို့ ရောက်ရှိခဲ့ကြပြီဖြစ်သည်။ နှစ်(၅၀)ပြည့် တပ်မတော်ရွှေရတုနှစ်တွင် စတင်ဝင်ရောက်ခဲ့သော ကျွန်တော်သည်ပင်လျှင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ကို အရာရှိငယ်ဘဝဖြင့် ကျော်လွန်ဖြတ်သန်းခဲ့ပြီး တပ်မတော်ကချီးမြှင့်သော တပ်မတော်စိန်ရတုနှစ်တံဆိပ်ကို တာဝန်ချိန်ဝတ်စုံတွင် ဂုဏ်ယူစွာတပ်ဆင်ရင်း ယနေ့တိုင်တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

ကျွန်တော်တို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ ဒေသတွင်းအင်အားကြီးနိုင်ငံများ၏အလယ်တွင် တည်ရှိနေပြီး ကမ္ဘာ့အလယ်တွင်ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ အင်အားကြီးနိုင်ငံများ၏ ဗိုလ်ကျစိုးမိုးမှုမခံရစေရေးအတွက် ကာကွယ်ရေးစွမ်းအားကောင်းမွန်နေရန်လိုအပ်သည်။ နိုင်ငံတော်၏ ပကတိလိုအပ်ချက်များအရ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး စတင်၍အာဏာသက်ဝင်ကျင့်သုံးလျက်ရှိရာ ယခုအခါပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အကျုံးဝင်ပြီး အရည်အချင်းကိုက်ညီသူများကို ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းများသည် သာမန်အားဖြင့် စစ်မှုထမ်းရန်ကာလကို ၂ နှစ်၊ ၃ နှစ်ခန့်သာ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပြီး တာဝန်ပြီးဆုံးချိန်တွင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့ရမှုများကို သတိတရပြန်လည်ပြောဆိုကြခြင်းဖြင့် တစ်ခါကစစ်သားဘဝကိုအမှတ်တရဖြစ်စေမည်။ တပ်မတော်တွင် နှစ်ကာလကြာမြင့်စွာ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးဖြင့် အငြိမ်းစားယူသွားကြသော စစ်သားဟောင်းကြီးများသည် တစ်ချိန်က ဘဝတူလုပ်ဖော်ကိုင်ဖက်အချင်းချင်း ပြန်လည်တွေ့ဆုံချိန်တွင်ဖြစ်စေ၊ မိမိတို့၏တူ၊ သား၊ မြေး အရွယ်လူငယ်လူရွယ်များကိုဖြစ်စေ ၎င်းတို့စစ်သားဘဝဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို ပြန်လည်ပြောဆိုကြသောအခါ စစ်စိတ်စစ်မာန်များ တစ်ဖန်ပြန်လည်နိုးထလာပြီး စစ်သားဘဝကို ပြန်လည်ရောက်ရှိသွားသကဲ့သို့ ခံစားကြရကြောင်း ပြောဆိုလေ့ရှိကြသည်။ ထိုအချက်ကိုကြည့်ခြင်းအားဖြင့် တပ်မတော်တွင် တစ်ခါစစ်သားဖြစ်ခဲ့ဖူးလျှင် ထာဝရစစ်သားဖြစ်သည်ဟုမှတ်ယူနိုင်သည်။

ပြည်သူ့စစ်မှုထမ်းများအနေဖြင့်လည်း တပ်မတော်တွင်တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း စစ်ပညာသင်ကြားလေ့ကျင့်ခဲ့ရမှုအတွေ့အကြုံများ၊ သင်တန်းပြီးဆုံးချိန်တွင် ပေးအပ်သည့်တာဝန်များကို မြန်မာနိုင်ငံ၏နေရာဒေသမရွေးသို့ သွားရောက်၍ ကျေပွန်စွာထမ်းဆောင်ရင်းတွေ့ကြုံရမည့် စစ်မှုထမ်းဘဝအမှတ်တရများကို နောင်တစ်ချိန်တွင် သတိတရပြန်လည်ပြောဆိုကြမည်ဖြစ်သည်။ ထိုအခါ **"တစ်ခါစစ်သားဖြစ်ခဲ့ဖူးလျှင် ထာဝရစစ်သားဖြစ်သည်"** (Once a soldier, always a soldier.) ဟူသော ယုံကြည်ချက်၊ ခံယူချက်များနိုးကြားလာပြီး တပ်မတော်ကိုချစ်မြတ်နိုးစိတ်၊ အမိနိုင်ငံတော်ကြီးကိုအသက်ပေး၍ ကာကွယ်လိုစိတ်များ ထာဝစဉ်ကိန်းအောင်းလာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

**ကျော်ဇောဦး(မောရှမ်းမြေ)**

ညောင်တုန်း၊ လူမှုရေး

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်း

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၂၇ ရက်မွန်းလွဲပိုင်းတွင် ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းနိုင်က ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင်ရရှိစေရေးအတွက်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကိုဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့နယ်ပယ်တွင် မော်တော်ဆိုင်ကယ်ပြုပြင်ပညာဖြင့် မိသားစုစီးပွားရေးကို အထောက်အပံ့ပေးနိုင်အောင် ကြိုးစားကြရန်ပြောကြားသည်။

ထို့နောက် မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံသို့လည်းကောင်း၊ သင်တန်းတွင်ထူးချွန်သည့် သင်တန်းသားများထံသို့ သင်တန်းထူးချွန်ဆုကိုလည်းကောင်း အသီးသီးပေးအပ်သည်။




အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ သင်တန်းသား ၃၀ ဦးအား ကျွမ်းကျင်သင်တန်းနည်းပြဆရာများက မေလ ၈ ရက်မှ ၂၇ ရက်အထိရက် ၂၀ ကြာ စာတွေ့လက်တွေ့အခမဲ့သင်ကြားပို့ချပေးကြောင်း သိရသည်။

**တေဇာလင်း**

နေပြည်တော်  မေ  ၂၈

# အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ





အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန အဖွဲ့ရုံးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သကဲ့သို့ ပညာရေးသည်လည်း နိုင်ငံ၏အနာဂတ်ဖြစ်သည့်အတွက် ပညာတတ်လူငယ်များဖြစ်လာစေရန် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်းများ မရှိစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုတွင် အရေအတွက်သာမက အရည်အချင်းပါ လျော့နည်းမသွားစေရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိကိုယ်ကို၊ လူမှုပတ်ဝန်းကျင်ကို၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်းမွန်သည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကိုမွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့သားသမီးများကို မဖြစ်မနေ ကျောင်းအပ်ခြင်းဖြင့် မိဘဝတ္တရားကျေပွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ကြရန်လိုကြောင်း၊ မိမိတို့၏ကလေးများ ပညာရည်ထူးချွန်မှုရှိစေရန် ပညာတတ်များဖြစ်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိဘများအနေဖြင့် မိမိတို့၏သားသမီး ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံအတွက် အားကိုးအားထားပြုထိုက်သည့် လူငယ်များဖြစ်လာစေရေး၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းရယူမည့် အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာစေရေး၊ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးနှင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မှန်မြတ်သောစေတနာဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သားသမီးများဖြစ်သော တက္ကသိုလ်တက်ရောက်သူ ၁၅၀ ဦး၊ အထက်တန်းတက်ရောက်သူ ၁၉၀ ဦး၊ အလယ်တန်းတက်ရောက်သူ ၁၉၇ ဦးနှင့် မူလတန်းတက်ရောက်သူ ၅၆၉ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၁၀၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးစုစုပေါင်းငွေကျပ် ၁၇၂၂၂၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်  မေ  ၂၈

# MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အဓမ္မဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့် MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်းတက်ရောက်လိုခြင်းမရှိသဖြင့် ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံလွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဒေသခံတိုင်းရင်းသားလူငယ်များကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ကာ အကြမ်းဖက်သင်တန်းများတက်ရောက်စေပြီး အဓမ္မတာဝန်ထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့များတွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး နီးစပ်ရာ တပ်မတော်လုံခြုံရေးတပ်စခန်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်းတက်ရောက်လိုခြင်းမရှိသဖြင့် ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအတွက် ထောက်ပံ့ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တိုင်းရင်းသားလူငယ်များက လက်ခံရယူကြသည်။ ယင်းနောက် ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားလူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော်  မေ  ၂၈

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် ကျောင်းသူတစ်ဦးအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်စဉ်။

နေပြည်တော်  မေ  ၂၈

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့်အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။ **(မိုး/ဇလ)**

♫♫ သဇင် (FM)အသံလွှင့် အစီအစဉ် ♫♫

၂၉-၅-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

နေပြည်တော် မေ ၂၈

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၂၅ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖျာပုံမြို့နယ်၊ ကျုံကူးကျေးရွာ၌ တရားမဝင် သစ်ခုတ်ရာတွင်အသုံးပြုသည့် သစ်စက်အင်ဂျင် (၁)လုံး၊ လွှဝိုင်း(၁)ဝိုင်း အပါအဝင် ဆက်စပ်ပစ္စည်း(၅)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၇ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၄၁၂)တန်နှင့် အခြားသစ် (၄ ဒသမ ၆၆၁)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၈၇၈၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၇ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့၊ ငွေချိစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Outlander မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၈ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ် (၁)စီးနှင့် Honda Fit မော်တော်ယာဉ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သထုံမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဂျပန်နိုင်ငံထုတ် Water Dispenser (Recond) (၆၃)လုံး အပါအဝင် ကုန်ပစ္စည်း(၇)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးမြို့၊ ဥဿာမြို့သစ်(၉)ရပ်ကွက်၌ လိုင်စင်မဲ့ GMC Truck မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၈၀၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၃၁၇၈၆၄)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂၈

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Soe Ko Ko" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာနေ စိုးကြိုင်(ခ)ကိုစိုး ၄၁နှစ်အား နံနက် ၁၁ နာရီခွဲတွင် ငဖဲမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**

နေပြည်တော် မေ ၂၈

# ကွန်ဟိန်းမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၂၇ ရက် မွန်းလွဲ ၂ နာရီ ၅၀ မိနစ်တွင် ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာအုပ်စု၊ တာကော်ကျေးရွာအနီးတွင် စိုင်းရွှေပွင့်မောင်းနှင်လာသည့် TOYOTA SUCCEED အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းစိမ်း ၂၂ ဒသမ ၅ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



စိုင်းရွှေပွင့်အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူတွေ့ရစဉ်။

**ပျောက်ဆုံးကြောင်း**

ခင်ဆွေဝင်း(ဘ)ဦးသန်းလွင် ၁၂/မဂတ(နိုင်)၀၃၃၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(790021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၂၀၀၆၂**

**ပျောက်ဆုံးကြောင်း**

ပုံပုံချစ်(ဘ)ဦးအောင်စိုး ၁၂/ဒဂတ(နိုင်)၁၄၅၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 503911)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၁၄၂၀၇၁၆**

**ပျောက်ဆုံးကြောင်း**

လွင်နွယ်အောင်(ဘ)ဦးခင်မောင် ၁၂/ကတန(နိုင်)၁၄၅၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 503912)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၁၉၇၀၃၅၂**

**ပျောက်ဆုံးကြောင်း**

ယုဇနလှိုင်(ဘ)ဦးစိုးညွန့် ၁၂/ကမတ(နိုင်)၀၄၆၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 076515)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၉၅၇၂၂၀၃**

**ပျောက်ဆုံးကြောင်း**

ဆုရည်ဖြိုး(ဘ)ဦးခင်ကျော် ၉/မကန(နိုင်)၀၈၁၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(772130)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၂၅၂၃၀၃၆**

**ပျောက်ဆုံးကြောင်း**

တေဇိန္ဒ(ဘ)ဦးထွန်းသိန်း ၁/အဂယ(သ)၀၀၀၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(735562)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၉၇၀၁၁၈၆**

**ပျောက်ဆုံးကြောင်း**

ချိုချိုမြင့်(ဘ)ဦးလွန်းမြိုင် ၁၂/ဗတထ(နိုင်)၀၀၅၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(769324)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၀၀၇၄၅၂**

**ပျောက်ဆုံးကြောင်း**

မောင်မောင်ချို(ဘ)ဦးသန်းမြင့် ၁၂/ဒဂမ(နိုင်)၀၂၈၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 539060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၇၁၁၂၂၉၂**

**ပျောက်ဆုံးကြောင်း**

စုစုငယ်(ဘ)ဦးကျော် ၁၂/ခရန(နိုင်)၀၀၁၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ကျော်လင်းဟိန်း(ဘ)ဦးမြင့်စိုး ၁၀/မလမ(နိုင်)၂၂၈၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ရဲလင်းအောင်(ဘ)ဦးတင်အောင် ၇/ဖမန(နိုင်)၁၃၅၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

အာကာဖြိုး(ဘ)ဦးညီညီဇော် ၁၄/ကလန(နိုင်)၁၂၂၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

ပဲခူး မေ ၂၈

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ



ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးအားကစားကွင်း၌ မေလ ၂၇ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်ပရိသတ်များ ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူခရိုင်ဘောလုံးအသင်းနှင့် ညောင်လေးပင်ခရိုင် ဘောလုံးအသင်းတို့ ဖွင့်ပွဲ ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ပွဲစဉ်အတွင်း အကောင်းဆုံး ဘောလုံးသမားဆုရရှိသူ တောင်ငူခရိုင်အသင်းမှ ကျောနံပါတ်(၁၀) ရဲသူရကျော်အား လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအား မေလ ၂၇ ရက်မှ ဇွန်လ ၇ ရက်အထိကျင်းပမည်ဖြစ်ပြီး မေလ ၂၈ ရက်တွင် ပဲခူးခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်း၊ မေလ ၂၉ ရက်တွင် နတ်တလင်းခရိုင်အသင်းနှင့် ညောင်လေးပင်ခရိုင်အသင်း၊ မေလ ၃၀ ရက်တွင် သာယာဝတီခရိုင်အသင်းနှင့် ပဲခူးခရိုင်အသင်း၊ မေလ ၃၁ ရက်တွင် နတ်တလင်းခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်း၊ ဇွန်လ ၁ ရက်တွင် သာယာဝတီခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်းတို့ အုပ်စုပတ်လည်ပွဲစဉ်အဖြစ်လည်းကောင်း၊ အကြိုဗိုလ်လုပွဲအဖြစ် ဇွန်လ ၃ ရက်နှင့် ၄ ရက်တို့တွင်လည်းကောင်း၊ တတိယနေရာလုပွဲအား ဇွန်လ ၆ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အား ဇွန်လ ၇ ရက်တွင်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် မေ ၂၈

# မောင်တောမြို့တွင် WY စာတန်းပါ စိတ်ကြွဆေးပြား ၇၅၀၀၀၀ ပြားဖမ်းဆီးရမိ

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ဝိမလရပ်ကွက်၊ အိမ်အမှတ်(၂၀၈)နေ မြင့်နိုင်ထူး(ဘ)ဦးအောင်ကျော်ထွန်း၏ နေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၂၇ ရက် နံနက်ပိုင်းတွင် ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ပလတ်စတစ်ပုံး (အနီရောင်) ၂ ပုံးဖြင့် ထည့်ထားသည့် စက္ကူထုပ် ၇၇ တောင့်တွင် WY စာတန်းပါ စိတ်ကြွဆေးပြား ၇၅၀၀၀၀ ပြား(တန်ဖိုးငွေ ၁ ဒသမ ၅ ဘီလီယံကျပ်)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ မြင့်နိုင်ထူး(ဘ)ဦးအောင်ကျော်ထွန်းအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**



မြင့်နိုင်ထူးအား သိမ်းဆည်းရမိသည့် WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားစို့

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

- စားသုံးဆီများတွင် အခြေခံအားဖြင့် ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးနိုင်သည့် မပြည့်ဝဆီများ (Unsaturated)၊ တတ်နိုင်သမျှ လျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ (Saturated Fats) နှင့် လုံးဝမစား သုံးသင့်သော အသွင်ပြောင်းဆီများ (Trans Fats) ဟူ၍ (၃)မျိုးရှိပါသည်။
- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ် (HDL) တိုကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါ နှင့် အမျိုးအစား(၂) ဆီးချိုရောဂါစသည့် မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေပါ သည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ် (LDL) များ လွန်ကဲစွာ မြင့်တက် စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ (ဥပမာ - စားအုန်းဆီ၊ ဆီကြော်အစား အစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)




- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ်ပါဝင်သော်လည်း အများစုမှာ ဟင်းသီးဟင်းရွက် ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်စီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသော ဆီများတွင် ပါဝင်သည်။
- ➤ အသင့်စားအစားအစာများဖြစ်သည့် အားလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများတွင် ပါဝင်သည့်ဆီဖြစ်သည်။
- ➤ ဆိုးကျိုးများမှာ - သွေးတွင်းမကောင်းသောအဆီ (Trigiycerides) များပိုမိုမြင့်တက် စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကို ကျစေခြင်း၊ အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် အချို့သော ကင်ဆာရောဂါများ ဖြစ်နိုင်ခြေမြင့်မားစေခြင်းတို့ ဖြစ်စေနိုင်သည်။



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စားပါ၊ မပြည့်ဝဆီသင့်တင့်စွာစားပါ၊ အသွင်ပြောင်းဆီပါဝင်နိုင်သည့် အစားအစာများ စားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ပါ၊**

(မေလ ၂၀၂၄)

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျှော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➤ ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➤ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➤ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➤ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➤ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➤ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➤ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➤ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➤ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➤ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

## ထာဝရလှပသော အပြုံးအတွက်

# DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။










ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅


STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ

မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201

➢ ရွှေမန်းသူ
09-254781060



➢ မန္တလေးအခြေစိုက်
09-426500153

➢ တော်ဝင်
09-423333250

➢ ပါရမီတက္ကစီ
01-3643641

➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊ အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်

ရန်ကုန်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ဖြူး၊ နေပြည်တော်၊ သာစည်၊ ကျောက်ဆည်၊ မန္တလေး၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ ပခုက္ကူ၊ အောင်လံ၊ ပြည်၊ ဝါဇီတို့တွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၅၁-၀၁-၅၃၆၅၅၇၊ ၅၃၁၁၂၈၊ ၅၃၁၁၂၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ် ....

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

**အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် "မဟာသဒ္ဓမ္မဇောတိကဓဇ"နှင့် "သဒ္ဓမ္မဇောတိကဓဇ" သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကျင်းပ** စာ-၆ သို့

**မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်ကြေညာ**

စာ-၁၁ သို့

**ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှု စိုက်ပျိုးထုတ်လုပ်မှုနှင့် မြန်မာ့ဝါဂွမ်းသမိုင်းအကျဉ်းချုပ်**

ဆောင်းပါး စာ-၁၃ သို့

**တစ်ခါစစ်သားဖြစ်ခဲ့ဖူးလျှင် ထာဝရစစ်သားဖြစ်သည်**

ဆောင်းပါး စာ-၂၆ သို့

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ သုံးယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲနှင့်တတိယလုပွဲကျင်းပ




**နေပြည်တော် မေ ၂၈**

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအဖြစ် **စာမျက်နှာ ၁၆ ကော်လံ ၅** ■

## ထူးခြားမြစ်ရေ အခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ၂၀၂၄ ခုနှစ် မေလ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့တွင် ၅၈၈ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၃၆ နာရီအတွင်း ၁၀ ပေခန့်မြင့်တက်ခဲ့ပါသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက်တစ်ရက်မှ ခုနစ်ရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၆ ပေမှ ၈ ပေခန့်၊ နောက်ရှစ်ရက်မှ ၁၁ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် **စာမျက်နှာ ၉ ကော်လံ ၄** ♦



▶ Individual Debit Card/ Credit Card
▶ Corporate Debit Card
▶ Automated Teller Machine Services
▶ Point of Sales Services
▶ Online Payment/ Tax Payment Via E-commerce

"လုံခြုံလျှို့ဝှက်ဆောင်ရွက်မြန်မှန် မြဝတီဘဏ်"









မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



Phone No : (01) 2301367, 2301368, 2301452, 2301378
MPU UnionPay